The Arakan International


The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၁၁)
နိုဗမ်ဘာလ
၂၀၁၁ ခုနှစ်။

# ၂၁ ရာစုယုံတမ်းပုံပြင်များ

*သတိ။ ။ အောကဖ္ဖာတွင်ဖေါ်ပြလားမည့် ပုံပြင်များအားလုံးသည် လုပ်ကြံ၊ ဖန်တီးထားခြင်းများ ဖြစ်ကတ်ပါသည်။*




သစ်ပင်ကြီးခြီရင်းနား ကစပျစ်နွယ်ကိုရာ ဖြတ် ပ လိုက်ဖို့ဆိုကေ ယင်းစပျစ်သီးတိရေ ဂရက်ဗီထီ (Gravity) ကြောင့် ကြွီကျ လာဖို့စွာရာမနား။ နယူတန် (Newton) က ပန်းသီးကြွီကျလာစွာကို မြင်လို့ ဂရက်ဗီထီကို ဖေါ်ထုတ်နိုင် ခ ရေ။ ယေကေ ဒေမြီခွီးက လည်း ဂရက်ဗီထီ ကို အသုံးချဗျာယ် စပျစ်သီးကြွီအောင်လုပ်လားဖို့ ဆိုရေ အကောင်မျိုး *……စာ (၁၄)*



*၁၉၅၃ ခုနှစ်တွင် စာပီဆိုင်ရာနိုဗယ်ဆုကို ချီးမြှင့်ခြင်းခံခရပြီး "သူ၏ကောင်းမွန်လွန်းသည့် သမိုင်းနှင့် အတ္ထုပ္ပတ္တိဆိုင်ရာရွီးသားမှုများ၊ လူသားတန်ဖိုးကာကွယ်ရေးဆိုင်ရာ အထူးဟောပြောမှုများအတွက်" ရွီးချယ်ပီးအပ်ခြင်းဖြစ်ကြောင်းနိုဗယ်ဆုရွီးချယ်ရေး ကော်မသျှိန်၏ ဖေါ်ပြချက်တွင်* *…… စာ ၁၇*

## (၁) ယုန်နန့်လိပ် အပြီးပြိုင်ပွဲ



၂၁ ရာစု၏ တခုသောရက်တရက်မှာ လိပ်တကောင်ရေယုန်တကောင်ကို 'အဝေး–ယုန်–မင်းငါနန့်အပြီးပြိုင်ဖို့လား' ဆိုပြီးကေ ခေါ်တောင်းပါရေလှတ်။ ယေကေ ယုန်ကလည်း 'မင်းရှုးနီလာဝေး–– ဝါးတပြန်လောက်ရောက်ဖို့စွာကိုနာရီဝက်လောက်လားနိန်ရရေမင်းပိုင်အကောင်က ဝါးတပြန်ကို စက္ကန့်ပိုင်းချေအတွင်းမှာ နှစ်ခုန်လောက်နန့်ခုန်ပစ်နိုင်ရေငါ့ကိုလာလို့အပြီးပြိုင်ဖို့ခေါ်နီဂါ––ဘဇောင်တခု" ဆိုပြီးကေ မခန့်လေးစား ရယ်ဗျာယ်ပြောပါရေလှတ်။ ယေခါ လိပ်က "မင်းငါနန့်ပြိုင်ရာပြိုင်ဝေ—အသူနိုင်ဖို့ဆိုစွာကိုမင်းသိရဖို့မလားယေ" ဆိုပြီးကေပြောပါရေလှတ်။ ယေခါ ယုန်က "အဝေး––လိပ်၊ အေတခါ ငါရေခေတ်ဟောင်းပုံပြင်ထဲကယုန်ပိုင်လမ်းမှာအိပ်နိန်ဖို့မဟုတ်ဒေ၊ ပုံပြင်ထဲကယုန် အိပ်နိန်လို့အပြီးပြိုင်ပွဲသျှုံးလားစွာကိုငါသိပြီးသားဝေး" လို့ပြန်ပြောလိုက်ပါရေလှတ်။ လိပ်က ပြုံးချေနန့် "မင်းငါနန့်အပြီးပြိုင်ဝံ့ကေ –– ပြိုင်ရာပြိုင်ပါဝေ—အသူနိုင်ဖို့လဲဆိုစွာကိုမင်းမြင်ရလိမ့်မေ" လို့ပြောပြန်ပါရေလှတ်။

ယင်းပိုင်နန့်ပင် ၂၁ ရာစု၏ယုန်နန့်လိပ်ရို့ရေ အပြီးပြိုင်ပွဲဝင်ကတ်ဖို့ ဆုံးဖြတ်လိုက်ကတ်ပါရေလှတ်။ သတ်မှတ်ထားရေ ရက်နန့်အချိန်မှာ လိပ်ပါ ယုန်ပါ တာလွှတ်တေနိန်ရာမှာ သေသေချာချာ ပြင်ဆင်ထားကတ်ပါရေလှတ်။ တာလွှတ်စွာနန့်ယုန်စွာ ပန်းတိုင်ဟိရေနိန်ရာကိုဦးတည်ပနာ ဇကုန်ပြီးစွာပါဗျာယ်လှတ်။ လိပ်ကလည်းတရွှိရွှိနန့်သူ့ခရီးကိုစတင်ပါရေလှတ်။

ယင်းသျှောင်နန့်ဇကုန်ပြီးပါလတ်တေယုန်ရေ ပန်းတိုင်နိန်ရာကိုရောက်တေခါ သူ့မျက်လုံးကိုသူ မယုံကြည်နိုင်အောင်ဖြစ်လားပါရေလှတ်။ လိပ်ပန်းဝင်နိန်ဗျာယ်။ "အေချင့်တခုပိုင်လည်းမဖြစ်နိုင်" ကြောင်းယုန်ချေနန့်အခြားတိအားလုံးသိတတ်နိန်ပါယင့်။ ယေကေလည်းသေချာစွာက သူ့ထက်ရှိက လိပ် ပန်းဝင်နိန်ဗျာယ်။ ပန်းဝင်ပြီးပနာ သူ့ကိုပြုံးချေနန့်ကြည့်နိန်ရေလိပ်ကို ယုန် သေသေချာချာကြည့်ရေ။ ဟုတ် တေ။ သူနန့်အပြီးပြိုင်ရေလိပ်ဗျာယ်။ လမ်းမှာပြီးလာ စွာတမဏ်းချေတိတောင်သူ့ ခြီ၊ လက်နန့် နောက်ကုန်းတိမှာ ပေလို့။

ခေတ်ဟောင်းပုံပြင်ထဲမှာက လမ်းမှာအိပ်နိန်လို့ယုန်ကလိပ်ကိုသျှုံးရေ။ အေတခါယုန်ကအိပ်နိန်စွာမဟုတ်။ လမ်းမှာတချက်ချေတောင်မတန့်ခပဲ ဇကုန်ပြီးပါလတ်စွာ။ အမှန်မှာပန်းတိုင်ကိုသူရောက်ပြီးလို့ နာရီပေါင်းများစွာ(သို့မဟုတ်)ရက်နန့်ချီလို့ကြာပြီးမှ လိပ်ရောက်လာသင့်ရေ မဟုတ်လား။ တခုပိုင်လည်း သဘာဝ မကျ။

*စာမျက်နှာ(၁၄) သို့*

ကျွန်းတွင်ဇမ္ဗူ

လူတွင်ရခိုင်

ကြိုင်ဘိသတင်း

ကင်းဘိအပြစ်

ချစ်သည့်အမျိုး

ကြိုးသည့်လုံ့လ

မြတ်စာဂ နှင့်

နှစ်ဝနတ်လူ

ချစ်ကြည်ဖြူသည်

နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။

*(သျှင်မဟာသီလဝံသ)*

***"အဘာ ထာဝရပဲ့ကိုင်သျှင်***

***ရှာဖွီကျွေးမွေးလို့ အနွမ်တာခံ***

***အနိုင်းဆမဲ့ ကျေးဇူးတော်***

***အသျှင်"***

***"အမင် အကြာင်နာနို့ရည်သျှင်***

***ဇာခါဆပ်လို့လဲ မကုန်နိုင်အောင်***

***ကျေးဇူးတရားကြီးမားရေ***

***အမင်"***

***"အဝီးကြီးမှာနိန်မှ***

***မိဖမေတ္တာနားလည်လာရဗျာယ်***

***ဆိုးခါ၊ မိုက်ခ သမျှ***

***ခွင့်လွှတ်သည်းခံ အနန္တ***

***ကျေးဇူးတော်အသျှင် ....."***

(ရခိုင်သီခြင်းတပုဒ်၏စာသားမှ)

# အယ်ဒီတာ့စကား

နိုဗင်ဘာလထဲမှာ ကမ္ဘာ့အဖြစ်အပျက်တိထဲက တခုခုကိုမျက်နှာဖုံးဆောင်းပါးအဖြစ် ဖေါ်ပြဖို့ရှီးချယ်ကြည့်ပါသိရေ။ ဆီးရီးယားကိစ္စ။ အီဂျိ(ပ)ကိစ္စ။ ဗမာပြည်နန့် ကလိန်တန်နောက်ခံကိစ္စ။ အာဖရိကနန့်လက်တိန်အမေရိကားနိုင်ငံအချို့က သမ္မတရွီးကောက်ပွဲကိစ္စ။ အစဟိသည်ဖြင့်။

သို့သော် တခုချေကိုလည်း ဟုတ်တိပါတ်တိ မကြိုက်ဖြစ်လိုက်။ နောက်ဆုံးမှာတော့ကေ ဒေနိခေတ်အခင်းအကျင်းကိစ္စတိကိုနောက်ခံထားပနာ ကဇါပ်တဝက်နန့်ရှီးလိုက်ပါယင့်။

အေနိခေတ်အခင်းအကျင်းတိရေ သျှုပ်ထွီးပါရေ။ မြန်ဆန်ပါရေ။ အုံနန့်ကျင်းနန့်ပုံဖေါ်ပါရေ။ လူဦးရေများသလောက် နည်းပညာကလည်း မြင့်မားပါရေ။ သတင်းအချက်အလက်တိပလူပုံနိန်ပါရေ။ အိန်တာနက်၊ အီးမေးလ်၊ တယ်လီဖုန်း၊ ဖက်စ် အစဟိသည့်ဆက်သွယ်ရေးကိရိယာများ။ FedEx ရို့ UPS ရို့ပိုင်အထူးစာပို့စနစ်လုပ်ငန်းများ။

ယေအတွက်နန့်တစုံတရာကိုပုံဖေါ်ကတ်တေခါ လူ့အုပ်စုတိရေ အုံနန့်၊ ကျင်းနန့်၊ ဒုနန့် ဒယ်နန့် ခေတ်မှီနည်းပညာတိကိုစနစ်တကျအသုံးချပြီးကေပုံဖေါ်ကတ်ပါရေ။ ဝိုင်းပနာ၊ ဝန်းပနာ မြှောက်ကတ်တေ။ ပင့်ကတ်တေ။ တင်ကတ်တေ။ ချကတ်တေ။ ဖြုတ်ထုတ်ကတ်တေ။ ပေါင်းကတ်၊နှုတ်ကတ်တေ။ ဝင်ကတ်၊ထွက်ကတ်တေ။ ဆိုရေခါ တဖက်မှာပွင့်လင်းလာရေအပိုင်းတိဟိရေပိုင် အခြားတဖက်မှာ တစုံတခု၏ အမှန်တကယ်ဖြစ်ပျက်နိန်စွာကို (သို့မဟုတ်) အမှန်တရားကိုတွိမြင်ရဖို့ခဲယဉ်းလာပါရေ။ ရခိုင်စကားပုံတခုဖြစ်တေ "လူသမုတ် – သစ်ငုတ်ကလည်းကျားဖြစ်တေ" ဆိုသျှောင်ပုံစံမျိုးတိကို အတိုင်အဖေါက်ညီညီ၊ စနစ်တကျလုပ်စွာမျိုး များလာကတ်ပါရေ။

ဘိလိယက်ထိုးရေပိုင်ပါ။ ဟိုအလုံးက ဒေဖက်က အလုံးကိုခေါက်လိုက်တေ။ ယင်းအလုံးက ဒေဖက်နားက အလုံးကိုခေါက်ပြီးကေ ဒေဖက်နားကအလုံးကမှဟိုဒေါင့်က အလုံးကိုခေါက်ပနာ သွင်းပလိုက်စွာ။

လူ့အုပ်စုများများနန့်၊ ဖေသာအင်အားအပြည့်နန့်၊ အာဏာ၊ပါဝါ၊ မီဒီယာနောက်ခံနန့် နောက်ဆုံးပေါ်နည်းပညာတိကို စနစ်တကျနန့်အသုံးချပြီးကေ အထက်မှာတင်ပြခရေသျှောင်မျိုးပုံဖေါ်ယူကတ်တေခါ အမှန်တရားတိရေ ယင်းအကွက်ကျကျ လုပ်ကြံမှုတိအောက်မှာ ဖုံးလွှမ်းခံလိုက်ရပါရေ။ ယေခါ သူခိုးတိကလူကြီးဖြစ်ချင်ဖြစ်နိန်တတ်ပါရေ။ သစ္စာဖေါက်တိက အမျိုးသားဂေါင်းဆောင်နိန်ရာကိုရောက်ချင် ရောက်နိန်တတ်ပါရေ။ လူမှန်တိကိုစနစ်တကျနန့်ဘေးသို့အပို့ခံထားရပြီးကေမတုန်းကျက်မတုန်းစား၊ဂေါင်းကျက်ဂေါင်းစားတိကဆရာကြီးလုပ်နိန်တတ်ပါရေ။ အဓိက တိကို သာမည ဖြစ်အောင်ပုံသွင်းထားကတ်ပြီးကေ သာမည တိကို အဓိကနိန်ရာသို့အကွက်ကျကျပို့ထားတတ်ကတ်ပါရေ။

ယင်းသျှောင်မျိုးတိကို စိကေချေလောက် **ရှီးကဇါပ်**ချင်လို့ **"၂၁ ရာစုယုံတမ်းပုံပြင်များ"** ကိုလုပ်ကြံဖန်တီး တင်ဆက် လိုက်စွာပါ။ ကြားဖူးနားဝတိနန့်ကိုယ်တိုင်တွေ့ခေါ်မှုတိကို ရောနှောရှီးသားလိုက်စွာပါ။ လက်လွှန်လားလို့အေလမှာ အိန်းဂလိချ်စကားပြောအခန်းကိုရှီးဖို့စာမျက်နှာအခက်အခဲဖြစ်လားစွာကို နားလည်ပီးကတ်စီချင်ပါရေ။

တခုဆိုတခု နိုဗင်ဘာရေ ကိုယ့်ဘားမှာ တန်းဆောင်ဗုန်းလဖြစ်တေခါ တန်းဆောင်ဗုန်းလပြည့်နိမှာ ရွာက အဖိုး၊ အဘောင်၊ သက်ကြီး၊ ဝါကြီး၊ လူကြီး သူမရို့ကို တအိမ်တက်ဆင်းလည်ပနာ ရှိခိုးကန်တော့ခစွာ၊ အိုးစည်တလုံး၊သူငယ်ချင်းတစုနန့်သံဂျပ်ထိုးခစွာတိ၊ ကြက်ခိုးစားစွာတိအားလုံးကို အတွက်ပေါ်နိန်မိပါယင့်။

အားလုံးကိုသတိရမှုဖြင့်

ဦးသိန်းမောင်



**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**



## ပထမ ပုဂံခေတ်မင်းများ

(အေဒီ ၁၀၄၄ မှ အေဒီ ၁၁၁၃ ထိ)

၁။ အနော်ရထာ

## နိုဗမ်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁– ဆိုမာလီပင်လယ်ဓါးမြများနှင့် တိုက်ခိုက်သည့် တိုက်ပွဲတွင်ဒဏ်ရာရဟိလားသည့် ရီတပ်ကပ္ပတိန်တဦးအား တောင်ကိုးရီးယားအစိုးရမှ မြင့်မားသောဆုတံဆိပ်များချီးမြှင့်လိုက်သည်။

၂– အာဖဂန်နိစတန်နိုင်ငံ၏ပြန်လည်ထူထောင်ရေးကို ဝိုင်းဝန်းလုပ်ဆောင်လားရန်တရုတ်၊ အိန္ဒိယနှင့် ပါကိစ္စတန် နိုင်ငံများအပါအဝင် အိမ်နားပါးချင်းနိုင်ငံ(၁၄)နိုင်ငံမှသဖေါတူလိုက်ကတ်ကြောင်းဖြင့် တူရကီသံတမန်တဦးမှ ထုတ်ဖေါ် ပြောဆိုသည်။

၂– ပါကိစ္စတန်ဝန်ကြီးအဖွဲ့သည်အိန္ဒိယနိုင်ငံအား “အနှစ်သက်ဆုံးကုန်သွယ်ဖက်နိုင်ငံ” အဖြစ်သတ်မှတ်လိုက်ကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြသည်။

၃– တိဘက်သူတော်မတဦးသည် တိဘက်၏လွတ်လပ်ရေးအတွက် သူ့ကိုယ်သူမီးတိုက် အဆုံးစီရင်လားရာ ယင်းမှာ အလားတူဖြစ်ရပ်များ၏ (၁၁) ကြိမ်မြောက်ဖြစ်သည်ဟုဆိုသည်။

၄– ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့တော်တွင် ရီကြီးမှုများ ဆက်လက်ဖြစ်ပေါ်လျှက်ဟိသည်။

၅– ပြင်သစ်တွင်ကျင်းပနိန်သည့် ဂျီ၂၀အစည်းအဝေးတွင်ဥရောပကြီးမြီကိစ္စကို အလေးထားဆွေးနွေးကတ်ကြောင်း သတင်းများတွင်ဖေါ်ပြသည်။

၆– မန်ချက်စတာယူနိုက်တက်မန်နေဂျာ ဆာအဲလက်စ်ဖာဂူဆိန်၏ မန်နေဂျာသက်တမ်း (၂၅) နှစ်ပြည့် အထိမ်းအမှတ်အား မန်ယူ မှ ကျင်းပဂုဏ်ပြုမှုများပြုလုပ်သည်။

၇– နိုင်ကာရာဂွါနိုင်ငံ၏သမ္မတရွီးကောက်ပွဲတွင် အယင်ပြောက်ကျားဂေါင်းဆောင်ဟောင်းနှင့် လက်ဟိသမ္မတ ဒန်နီယယ်အော်တဲဂါး သည်တတိယအကြိမ်မြောက်အဖြစ် ရွီးကောက်ခံရသည်။

၈– အမေရိကန်ပြည်ထောင်စုနှင့်ဘိုလီးဗီးယားရို့သည် နှစ်နိုင်ငံသံတမန်များ အပြည့်အဝပူးပေါင်းဆောင်ရွက်ရေး အဆင့်တရပ်ကို ပြုလုပ်လားမည်ဟုဆိုသည်။

၈– ပြင်သစ်သမ္မတဆာကိုးဇီမှ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟူ အား လိမ်လည်သူ (Lair) ဟုခေါ်ဆိုလိုက်သည်။

၈– ပါကိစ္စတန်နိုင်ငံ၊ စီဒါးခရိုင်တွင် မြစ်ရီကြီးမှုဖြစ်ပွါးလျှက်ဟိသည်။

၂။ မင်းသီဟ

၃။ ရာဇာကြီး

၄။ သကျဝင်ကြီး

၅။ သကျဝင်ငယ်

၆။ ကောလိယ

## ဒုတိယ ပုဂံခေတ်မင်းများ

(အေဒီ ၁၁၂၃ မှ အေဒီ ၁၁၇၀ ထိ)

၁။ ဒသရာဇာ

၂။ အနန္တ သီရိ

၃။ မင်းဖုန်းစာ

၄။ ပဉ္စဏာလဝက်

၅။ ဓနရူပေါ

၆။ စလက်ာဗိုလ်

၇။ မဥ္စူသင်

၈။ ငရမံ

၉။ မင်းပုဂံ



# မြောက်အမေရိကတိုက်




မြောက်အမေရိကတိုက်သည်ကမ္ဘာ့အနောက်ဖက်ခြမ်းတွင်တည်ဟိသည့်တိုက်ဖြစ်ပြီးတိုက်၏အနောက်ဖက်တွင်ပစိဖိတ်သမုဒ္ဒရာ၊မြောက်ဖက်တွင် အာတိတ်သမုဒ္ဒရာ၊အရှိဖက်တွင်အတ္တလန်တိတ်သမုဒ္ဒရာ၊ ကာရိဘီယံပင်လယ်၊ တောင်ဖက်တွင် တောင်အမေရိကတိုက်ရို့နှင့်နယ်နိမိတ်ချင်း ဆက်စပ်တည်ဟိသည်။ မြောက်အမေရိကတိုက်တွင်အဓိကနိုင်ငံကြီး(၃)နိုင်ငံနှင့် အခြားနိုင်ငံငယ်အချို့ပါဝင်တည်ဟိသည်။ မြောက်အမေရိကတိုက်၏ အဓိကနိုင်ငံကြီး(၃)နိုင်ငံမှာ ခယ်နေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံရို့ဖြစ်ကတ်ပြီးတိုက်၏အခြားနိုင်ငံများမှာဘီလိုက်ဇ်၊ကိုစတာရီကာ၊အယ်လ်ဆာဗေဒို၊ ဂွါတီမာလာ၊ ဟွန်ဒူရပ်စ်၊နီကာရာဂွါနှင့် ပနားမားရို့ဖြစ်ကတ်ပါသည်။ မြောက်အမေရိကတိုက်၏မူလတိုင်းဦးသား(အမေရိကန်အိန်ဒီယန်များကဲ့သို့သောလူမျိုး)များသည်ပြီးခသည့် ဘီစီ၄၀၀၀၀(လေးသောင်း)လောက်တွင် ဘယ်ရိန်း(ရီလက်ကြား)ဇ၌ (Bering Strait) မှတဆင့် ဆိုက်ဘေးရီးယားနှင့် အလာစကာကိုဖြတ်ကာ အာသျှတိုက်မှ ဝင်ရောက်လာသူများဖြစ်ကြောင်း ပညာသျှင်များ ကျယ်ပြန့်စွာယူဆထားကတ်ပါသည်။ မြောက်အမေရိကတိုက်သည် အာသျှတိုက်နှင့် အာဖရိကတိုက်များပြီးလျှင် ကမ္ဘာတွင် တတိယမြောက်အကြီးဆုံးတိုက်ဖြစ်ပါသည်။

*Source: The New Book of Knowledge 2005 (Vol. 13)*

# နိုဝင်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၉– တောင်အာသျှထိပ်သီးအစည်းအဝေး မတိုင်ခင် ၂ ရက်အလို၌ တရုတ်ပြည်သည် မော်လဒိုက်ဗ်တွင်သံတမန် အဆက်အသွယ် အပြည့်အဝ ပြုလုပ်လိုက်သည်။

၁၀– မော်လ်ဒိုက်ဗ်တွင်ကျင်းပသည့် ဒေသတွင်းထိပ်သီးဆွေးနွေးပွဲတွင်တွိဆုံအပြီး၌ အိန္ဒိယနှင့်ပါကိစ္စတန်နိုင်ငံများသည် 'အခန်းကဏ္ဍသစ်' တရပ်ကိုဖွင့်လှစ်လားမည်ဖြစ်ကြောင်းဖြင့် နှစ်နိုင်ငံဝန်ကြီးချုပ်များမှ ထုတ်ဖော်ပြောဆိုသည်။

၁၁– အရှိတောင်အာသျှနိုင်ငံများ၏ (၂၆) ကြိမ်မြောက်အားကစားပြိုင်ပွဲကို အိန်ဒိုနီးသျှားနိုင်ငံ၊ ပါလမ်ဘန်း (Palembang) တွင် ဖွင့်လှစ်လိုက်သည်။

၁၁– အာသျှ–ပစိဖိတ်(APEC)အစည်းအဝေးတက်ရောက်ရန် အမေရိကန်သမ္မတ ဘာရာ့အိုဘားမား အပါအဝင်များစွာသော အခြားနိုင်ငံခေါင်းဆောင်များသည် ဟိုနိုလူလူသို့ ထွက်ခွါရောက်ဟိလားကတ်ဗျာယ်ဖြစ်သည်။

၁၂– ၂၀၁၈ ခုနှစ်၊ ဗြိတိသျှဓနသဟာယနိုင်ငံများ၏ အားကစားပြိုင်ပွဲအား ဩစတြေးလျှနိုင်ငံ၊ ကွီန်းစလန်းပြည်နယ်၏ ရွှီကမ်းခြီ (Gold Coast) တွင်ကျင်းပလားရန် ရွီးချယ်လိုက်သည်ဟုဆိုသည်။

၁၂– ဆန္ဒပြပြည်သူများနှင့် သင့်တင့်လျှောက်ပတ်သည့် ဖြေသျှင်းမှုများ မဆောင်ရွက်နိုင်သည့်အတွက် ဆီးရီးယားအစိုးရအား အာရပ်အဖွဲ့ချုပ်မှ သပိတ်မှောက်ပိတ်ပင်လားရန် ဆုံးဖြတ်လိုက်သည်။

၁၃– ဆီရီးယားမှအာဆတ်အစိုးရအနိန်ဖြင့် ဆန္ဒပြပြည်သူများ၊ အတိုက်အခံပြုသူများနှင့် ငြိမ်းချမ်းစွာဆွေးနွေးဖြေသျှင်းမှုများ မပြုလုပ်ပါက ဆက်တိုက်သပိတ်မှောက်မှုများပြုလုပ်လားမည်ဖြစ်ကြောင်းဖြင့် အာရပ်အဖွဲ့ချုပ်မှ ပြောဆိုလိုက်သည်။

၁၄– သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်စီပဲထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများအား အခွန်အခများလျော့ကောက်ရန်အာသျှ–ပစိဖိတ်ခေါင်းဆောင်များသဖေါတူညီလိုက်ကတ်သည်။

## (၂၆)ကြိမ်မြောက်အရှိတောင်အာသျှအားကဇါပ်ပြိုင်ပွဲ နိုင်ငံအလိုက် (ရွှီ ငွီ ကြီး) ဆုရဟိမှုအခြေအနေ

| စဉ် | နိုင်ငံအမည် | | | | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အိန်ဒိုနီးသျှား | ၁၈၂ | ၁၅၁ | ၁၄၃ | ၄၇၆ |
| ၂ | ထိုင်း | ၁၀၉ | ၁၀၀ | ၁၂၀ | ၃၂၉ |
| ၃ | ဗီယက်နမ် | ၉၆ | ၉၂ | ၉၉ | ၂၈၇ |
| ၄ | မလေးသျှား | ၅၉ | ၅၀ | ၈၁ | ၁၉၀ |
| ၅ | စိန်ကာပူ | ၄၂ | ၄၅ | ၇၃ | ၁၆၀ |
| ၆ | ဖိလိပိန်း | ၃၆ | ၅၆ | ၇၇ | ၁၆၉ |
| ၇ | မြန်မာ | ၁၆ | ၂၇ | ၃၈ | ၈၁ |
| ၈ | လာအို | ၉ | ၁၂ | ၃၆ | ၅၇ |
| ၉ | ကမ္ဘောဒီးယား | ၄ | ၁၁ | ၂၄ | ၃၉ |
| ၁၀ | အရှိတီမော | ၁ | ၁ | ၆ | ၈ |
| ၁၁ | ဘရူနိုင်းဒါရူဆလမ် | ၀ | ၄ | ၇ | ၁၁ |
| | စုစုပေါင်း | ၅၅၄ | ၅၄၉ | ၇၀၄ | ၁၈၀၇ |

***Source: http://seag2011.com/***



## ကွန်ပျူတာဆိုင်ရာ

## အတိုကောက်ဝေါဟာရများ

**CLP**—Novell Certified Linux Professional

**COMOS**—complementary metal-oxide semiconductor

**CMS**—content management system

**CNA**—Certified Novell Administrator

**CNE**—Certified Novell Engineer

Coax—coaxial cable

**COBOL**—Common Business-Oriented Language

**COM port**—communications port

**COO**—Chief Operations Officer

**COPPA**—Children's Online Privacy Protection Act

**CPU**—central processing unit

**CRM**—customer relationship management

**CRT**—cathode-ray tube

**CS**—computer science

**CSC**—common short code

**CSS**—Content Scrambling System

**CST**—Computer Service Technician

**CTS**—carpal tunnel syndrome

**CUG**—C/C++ Users Group

**CVS**—computer vision syndrome

**CWP**—Certified Web Professional

*Source: Discovering Computers 2008 by Series, Shelly Cashman*

## နိုဝင်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၅– ဂျာမဏီနှင့်ဟော်လန်အသင်းများချစ်ကြည်ရေးဘောလုံးကစားပွဲကိုပ်ကတ်ရာ ဒရှင်ကျလားကတ်သည်။

၁၅– ဆီးရီးယားတွင်ဆန္ဒပြသမားများအား စစ်တပ်မှပစ်သတ်ရာ လူ (၇၀) ကျော်သီဆုံးလားသည်။

၁၆– အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားမှ အာဆတ်အစိုးရအားဆန္ဒပြသမားများ၊ အတိုက်အခံများနှင့်ငြိမ်းချမ်းသောဆွေးနွေးမှုများပြုလုပ်ရန်အချိန်(၃)ရက်ပီးလိုက်ကြောင်းနှင့်ယင်းထက်ကျော်လွန်၍ပြုပြင်မှုများမဟိပါကလိုအပ်သောအရေးယူ သပိတ်မှောက်မှုများ ပြုလုပ်လားမည်ဟုဆိုသည်။

၁၇– ထိုင်ဝမ်သည် သူ၏ငါးဖမ်းသင်္ဘောများကိုကာကွယ်ရန် ဆိုမာလီယာသို့ စစ်ဖက်သုံးသင်္ဘောအချို့ကို ပို့လွှတ်လားမည်ဟုဆိုသည်။

၁၇– ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတပ်ဖွဲ့များ အငြင်းအချက်ဖြစ်နိန်သည့်နယ်စပ်ဒေသမှ ပြန်လည်ဆုတ်ခွါလားကတ်မည်ဖြစ်ကြောင်းဖြင့် နှစ်ဖက်အရာဟိကြီးများမှ ထုတ်ဖေါ်ပြောဆိုသည်။

၁၈– တရုတ်၏လူမပါသောအာကာသယဉ်တစီးဖြစ်သည့် Shenzhou Vill သည် အာကာသထဲတွင်တာဝန်ထမ်းဆောင်ပြီးနောက်ပြန်လည်ဆင်းသက်ရောက်ဟိလာသည်။

၁၈– ဒေါ်အောင်ဆန်းစုကြည်၏ပါတီသည်ဗမာပြည်၏လာမည့်ရွီးကောက်ပွဲများတွင်ဝင်ရောက်အရွီးခံလားမည်ဟုဆိုသည်။

၁၉– တရုတ်၏ဆန့်ကျင်မှုများဟိနိန်လင့်ကစား အမေရိကန်ပြည်ထောင်စုအနိန်ဖြင့် အာသျှတိုက်တွင်ရီတပ်အချို့ချထားမှုတွင် သံတမန်နည်းလမ်းအရ အားသာချက်များဟိကြောင်းသတင်းများတွင်ဖေါ်ပြသည်။

၂၀– အီဂျိတွင်ပြုပြင်ပြောင်းလဲရေးကြံ့ကြာနိန်မှုကြောင့်ပြည်သူနှင့်ကြားဖြတ်စစ်အစိုးရကြားတွင်မကျေနပ်မှုများလာနိန်ပြီးဆန္ဒပြသမားများနှင့်ပုလိပ်တပ်ဖွဲ့များထိပ်တိုက်တွိမှုများလာနိန်သည်ဟုသတင်းများတွင်ဖေါ်ပြသည်။

၂၁– ဗမာပြည်၊အီရန်နှင့်မြောက်ကိုရီးယားနိုင်ငံများအားကမ္ဘာ့ကုလသမဂ္ဂတွင်ယင်းရို့၏ဖေါက်ဖျက်ကျူးလွန်သောလူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းများအတွက်အဖွဲ့ဝင်နိုင်ငံအများစုမှသျှုတ်ချကြောင်းမဲထည့်ကတ်သည်။

၂၂– ရာသျှားအာကာသယဉ်မှူး (၃) ဦးသည်ကမ္ဘာမြီပြင်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်လာကတ်သည်။

| **အုပ်စု(အေ)** | ***အုပ်စု(ဘီ)*** | **အုပ်စု(စီ)** | ***အုပ်စု(ဒီ)*** |
|---|---|---|---|
| ပိုလန် | *နယ်သာလန်* | စပိန် | *ယူကရိန်း* |
| ချက်သမ္မတနိုင်ငံ | *ဒိန်းမတ်* | အိုင်ယာလန် | *ဆွီဒင်* |
| ဂရိ | *ပေါ်တူဂီ* | ခရိုအေးသျှား | *ပြင်သစ်* |
| ရာသျှား | *ဂျာမဏီ* | အီတလီ | *အိန်ဂလန်* |

***သိထားသင့်သော***

***အင်္ဂလိပ်ဘာသာအတိုကောက်များ***

***(အယင်လမှ အဆက်)***

**mpg**-miles per gallon

(ဆီ) တဂါလံလျှင် (ရောက်သည့်) မိုင်နှုန်း

**mph**-miles per hour

တနာရီလျှင်မိုင်နှုန်း (အယင် / အမြန်)

**Mr.**-Mister

အမျိုးသား (ဦး)

**Mrs.**-Mistress (the original term for a married or unmarried woman)

အမျိုးသမီး (အပျိုဖြစ်စီ၊ မင်းကျွန်ဖြစ်စီ၊ အမျိုးသမီးများ အတွက်) နာမည်ရှိ က သုံးသည့် မူလအခေါ်အဝေါ်၊ အသုံးအနှုန်း

**M.S.**-Master of Science

မဟာသိပ္ပံဘွဲ့

**Ms.**-Miss

လင်သားမဟိသူအမျိုးသမီးများအတွက်အဓိကထားလျက် နာမည်ရှိ မှ သုံးသည့် အခေါ်အဝေါ်၊ အသုံးအနှုန်း

**mss**-manuscript; manuscripts

လက်ရွီးစာမူ၊ စာမူကြမ်းများ

**MST**-mountain standard time

တောင်ပေါ်ဒေသစံတော်ချိန်

**Mt., mt.**-mount; mountain

တောင်၊ တောင်ထွဋ်

**n.** noun

နာမ်

***ဆက်လက်ဖေါ်ပြလားပါမည်။***

## နိုဝင်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၃– အမေရိကန်ပြည်ထောင်စု၏အရှေ့ဥရောပဆိုင်ရာကာကွယ်ရေးမူဝါဒများအား တန်ပြန်တိုက်ခိုက်သည့်အနေဖြင့် ရုရှားနိုင်ငံသည်ယင်း၏ဒုံးပျံများအား ဥရောပဇုန်၏နယ်စပ်များတွင်ဖြန့်ကြက်ချထားလာမည်ဖြစ်ကြောင်းဖြင့်ဆိုသည်။

၂၄– ယီမင်သမ္မတ အဘဒူလာဆာလားသည်(၃၃)နှစ်ကြာအုပ်စိုးပြီးနောက် နိုင်ငံသမ္မတအဖြစ်မှ အနားယူဖို့ဗျာယ်ဖြစ်ကြောင်း လက်မှတ်ရေးထိုးလိုက်သည်။

၂၅– အာရပ်အဖွဲ့ချုပ်သည်ဆီးရီးယားအစိုးရအားပြဿနာများဖြေရှင်းရန်၂၄နာရီအချိန်ပေးလိုက်ပြီးကမ္ဘာ့ ကုလသမဂ္ဂအားလည်းဆီးရီးယား၏ပြဿနာဖြေရှင်းရေး၌ အားတက်သရော ပါဝင်ပေးပါရန်ပန်ကြားလိုက်သည်။

၂၆– အမေရိကန်အာကာသအေဂျင်စီနာဆာသည် အင်္ဂါဂြိုဟ်လေ့လာရေးဒုံးပျံတစီးအား ပစ်လွှတ်လိုက်သည်။

၂၇– ဟော့စနီမူဘာရာ့ခေတ်လွန်၏ပထမဦးဆုံးသောအထွေထွေရွေးကောက်ပွဲများကိုကျင်းပလားရန်အီဂျစ်ပြည်သူများ ပျင်ဆင်နိန်ကတ်ဗျာယ်ဖြစ်သည်။

၂၈– ဆီးရီးယားအစိုးရသည်လူ့အခွင့်အရေးချိုးဖေါက်မှုများပြားလာနိန်ကြောင်းဖြင့်ကမ္ဘာ့ကုလသမဂ္ဂ၏အစီရင်ခံစာ၌ ဖေါ်ပြထားသည်။

၂၈– အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟယ်လာရီခလိန်တန်၏ခရီးစဉ် မစတင်ခင်မှာပင်တရုတ်၏အနာဂါတ်ဂေါင်းဆောင်ဇီဂျိန်ပိန်းသည် ဗမာစစ်ဦးစီးချုပ်နှင့်တွိဆုံကာ နှစ်နိုင်ငံကြားပိုမိုရင်းနှီးမှုဟိရန် ဆွေးနွေးလိုက်ကတ်သည်ဟုဆိုသည်။

၂၉– ကမ္ဘာ့ရာသီဥတုအပြောင်းအလဲဖြစ်မှုများသည်ပြင်းထန်စွာဖြစ်ပွါးလာနိန်ကြောင်းနှင့်ယင်းအားထိရောက်စွာကာကွယ်လားရန်မှာ ကမ္ဘာ့နိုင်ငံရေးဂေါင်းဆောင်များတွင် တာဝန်ဟိကြောင်းဖြင့်သုံးသပ်ကတ်သည်။

၃၀– လျှပ်စစ်အားသုံးမော်တော်ကားများပါဝင်သည့် တိုကျိုမော်တော်ပြပွဲကိုဖွင့်လှစ်ပြသသည်။

၃၀– အိုင်ဗရီကို့စ်နိုင်ငံ၏ သမ္မတဟောင်း လောရန့်စ်ဂျီဘာဘို သည် ပြစ်မှုများအားစစ်ဆေးခံရန်အလို့ငှါ ဟိဂ်မြို့ဟိ အပြည်ပြည်ဆိုင်ရာတရားရုံးသို့ အေနိုတွင်ထွက်ခွါလားဗျာယ်ဖြစ်သည်။



“ကျောင်းတိုက်ခွင်၊ ဝင်သည့်
ဆွမ်းအုပ်
နတ်ပန်းထိမ်လျှင်၊ယင်းရှိနီးအုပ်ကို
သွန်းလုပ်စင်စစ်၊ ဖြစ်မည်မထင်”

*“လောကြီးဇောကြီး၊ဆိတ်မသီခင်
အရီနှီးလို့”*

“သနပ်ခါးဖုံဖုံ၊ နှီးလို့နီ
ဂုယောင်ထက်တောင်၊
မဆင်းသိလား”

*“မောင်သျှင်သူငယ်၊ လူထွက်တေ
နန္ဒင်းယူခ၊ နှီးကတ်မေ”*

“နှီးနန့်မလိမ်၊ ကြိမ်နန့်မကွပ်
အသျှင်ပြည်မှာ၊ နန်းပြသဿ”

*“ရင်ကလည်းဆို့၊ မေသက်ဝေလေ
စမွါယ်ကုံးမှာ၊ နှလုံးပျို့လို့”*

“နှလုံးနှစ်ခွ၊ သံသယဟု
ဒွိဟတွေးမှတ်၊
ဆုံးဖြတ်ကပ်လျှက်”


*“မိပဖာမှာ၊ နှစ်ဖြာတူကွ
အုံးမွှေ့ရာမှာ၊ နွဲ့ကာလျှောင်းကေ
မပေါင်းရပဲ”*

## <u>ဝန်ကြီးအဖွဲ့ (Cabinet)</u>



ဝန်ကြီးအဖွဲ့သည်နိုင်ငံတနိုင်ငံ၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ(သို့မဟုတ်) လုပ်သက်ရင့် အစိုးရအကြံပေးသူများပါဝင်သည့်အဖွဲ့ ဖြစ်ပါသည်။ Cabinet ဟူသော စကားရပ်သည်ဗြိတိန်ဘုရင်ချားလ်စ်(၂)(Charles II) နှင့် မိဖုရားအန်နီ(Anne)ရို့၏ လက်ထက်တွင်လွှတ်တော်၏ဝန်ကြီးအဖွဲ့ဝင် အားလုံးနှင့်အစည်းအဝေးမပြုလုပ်မီ အရေးတကြီးဆုံးဖြတ်စရာဟိသည်များကို ထိပ်တန်းအတိုင်ပင်ခံအမတ်များနှင့် အကြိုတွိဆုံဆွေးနွေးမှုပြုလုပ်ရာ ယင်းမင်းတိုင်ပင်ခံအမတ်များအဖွဲ့ကို ခေါ်ဝေါ်သည့်အသုံးအနှုန်းမှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုပါသည်။ ခေတ်သစ်ဗြိတိန် Cabinet တွင် အစိုးရအဖွဲ့ခွဲအသီးသီးမှ ဝန်ကြီးများပါဝင်ပြီး ယင်းရို့ကိုပြည်သူ့လွှတ်တော်မှ တဆင့် ဝန်ကြီးချုပ်အနိန်ဖြင့်ရေးဆွဲအတည်ပြုထားဟိခြင်းဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ဝန်ကြီးအဖွဲ့ဝင်များသည် အစိုးရဌာနခွဲအသီးသီး၏အကြီးအကဲများအဖြစ်လည်းကောင်း၊ နိုင်ငံတော်သမ္မတအား အထူးအကြံပေးသူများအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ကတ်ပါသည်။ ဝန်ကြီးအဖွဲ့ဝင်များအားရွေးချယ်ခန့်အပ်မှုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုရပါသည်။ အမေရိကန်ပြည်ထောင်စုသမ္မတ၏ Cabinet တွင် နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ စိုက်ပျိုးရေးဝန်ကြီး၊ ကုန်သွယ်ရေးဝန်ကြီး၊ အလုပ်သမားဝန်ကြီး၊ ကျန်းမာရေးနှင့်လူမှုဝန်ထမ်းဝန်ကြီး၊ အိုးအိမ်နှင့်မြို့ပြတိုးတက်ရေးဝန်ကြီး၊ လမ်းပမ်းဆက်သွယ်ရေးဝန်ကြီး၊ ပညာရေးဝန်ကြီး၊ စွမ်းအင်ဝန်ကြီး၊ စစ်မှုထမ်းဟောင်းများသက်သာချောင်ချိရေးဝန်ကြီး နှင့် တရားသူကြီးချုပ်ရို့ ပါဝင်ကတ်ပါသည်။

*Source: Webster's New Explorer: Desk Encyclopedia (2003)*




"အကျွန်ုပ့်ကိုယ် အကျွန်ု အစိပ္ပါယ်ပြည့်ဝရေ လူသား တယောက်ဖြစ်ဖို့အတွက် ရည်ရွယ် ကြိုးစား ပါရေ၊ ယင်းချင့်ကိုရာ အကျွန် အောင်မြင်ခ ကေ ဇာအရာကိုမဆို အကျွန် အောင်မြင်အောင် လုပ်ဆောင် နိူင်ဖို့ဖြစ်ပါရေ"

"ကမ္ဘာလောကကြီးကို အတွေးအခေါ်တိက ထိမ်းချုပ်ထားစွာပါ"

"သတ္တိဟိရေလူဆိုစွာ ငရဲမင်းကြီးမျက်နှာကို စိစိကြည့်ဗျာယ် 'သင်စွာငရဲမင်းကြီး' လို့ပြောဝံ့ရေလူပါ"

"အမှန်မှာ အတွေးအခေါ် တိ သည်သာလျှင် ကမ္ဘာကြီး၏ စစ်သူရဲကောင်းတိ ဖြစ်ပါရေ၊ ဘဇာကြောင့်လဲဆိုကေ အတွေးအခေါ်မပါရေ စစ်ပွဲတိရေ အနိုင်ကျင့် နှိုက်စက်ကလူပြုမှု သက်သက်ပင်ဖြစ်လို့ပါ"

*ဂျိမ်းစ်အေဂါဖီးလ်ဒ်*

*(၂၀ ယောက်မြောက် အမေရိကန်သမ္မတ)*

# ဩဂုတ်စတီရိုဒင်


## (Auguste Rodin)



(၁၉) ရာစုနှစ်၏ ကမ္ဘာကျော်ပြင်သစ်ပန်းချီ၊ ပန်းပုပညာသျှင်တဦးဖြစ်သည့် အော်ဂတ်စတီရိုဒင် ကို ၁၈၄၀ခုနှစ်၊နိုဗမ်ဘာလ ၁၂ ရက်နိတွင်ပြင်သစ်နိုင်ငံ၊ ပဲရိစ်မြို့၌ဖွါးမြင်ခသည်။ ငယ်စဉ်ကျောင်းသားဘဝတွင် မျက်လုံးအမြင်အားနည်းသည့်ရိုဒင်သည်စာသင်ခန်းထဲ ဟိသင်ပုန်းကြီးထက်မှအက္ခရာများကိုသဲကွဲစွာမမြင်ရ သဖြင့်သင်္ချာကိုမုန်းတီးသည့်ကျောင်းသားတယောက် ဖြစ်ခကြောင်းသူ၏ပြန်ပြောချက်များအရသိဟိရသည်။ အနုပညာကျောင်းသို့ ကျောင်းဝင်ခွင့် သုံးကြိမ် ကျသျှုံး ပြီးနောက်ပိုင်းတွင်ရိုဒင်သည်လွတ်လပ်သော ပန်းပု ထုဆစ်သူ အနုပညာသျှင်တဦးအဖြစ် ရပ်တည်လာခ လီ သည်။

ကမ္ဘာ့အကျော်ကြားဆုံးသော ပန်းပုရုပ်ကြွ များထဲတွင် ကျောက်တုံးများကို အခြေပြုထုဆစ်သည့် ရိုဒင်၏ ပန်းပုရုပ်ထုများထိပ်ဆုံးမှပါဝင်သည်။ သူထုဆစ် သည့် တတုံးကျကျင်း လူ့ကိုယ်ခန္ဓာပန်းပုရုပ်များသည် အငြင်းပွါးဖွယ်ရာဖြစ်ပြီး Ecole des Beaux-Arts မှ ပြသ ရန်ငြင်းပါယ်ခြင်းကိုလည်း ဆက်တိုက်ခံခရသည်။ ၁၉၆၄ ခုနှစ်တွင် အနုပညာသင်တန်းတခုတက်ရောက်စဉ် ရိုးစ် ဗျူရက် (Rose Beuret)ဆိုသူ အမျိုးသမီးနှင့် တွိဆုံ၊ ချစ်ကြိုက်ကာ အတူနိန်ထိုင်ဖြစ်ကတ်သည်။ (သို့သော် သူဆုံးပါးခါနီး ၁၉၁၇ ခုနှစ်တွင်မှ သူမနှင့်လက်ထပ်ဖြစ်လီ သည်။ စကားချပ်။)

ရိုဒင်သည် အီတလီနိုင်ငံသို့လားရောက်ပြီး နောက်သူ၏ကိုယ်ပိုင်ဟန်ဖြင့်ထုဆစ်သည့် ပန်းပုရုပ်များ ဖြင့်နာမည်ရလာပြီး ၁၈၇၈ ခုနှစ်တွင်ပြသခွင့်ရသည့် 'ကြေးခေတ်' (The Age of Bronze) ဟု နာမည်ပီးထား သော ပန်းပုရုပ်ဖြင့်ဥရောပတွင် လူသိများလာသည်။ ရိုဒင်အားတိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိဖြစ်လားစီသည့် သူ၏အခြားပန်းပုလက်ရာများမှာ ၁၈၈၀ ပြည့်နှစ်တွင် ထုဆစ် ပြီးစီးခသည့် 'တွေးခေါ်သူ' (The Thinker) နှင့် ၁၈၈၆ ခုနှစ်တွင်ပြီးစီးသည့် 'အနမ်း' (The Kiss) ရို့ အပါအဝင်ဖြစ်ပါသည်။ အခြားနာမည်ကျော်လက်ရာ တခုဖြစ်သည့် 'ငရဲတန်းခါးများ' (Gates of Hell) မှာ မူ ၁၈၈၀ ခုနှစ်တွင်စတင်ထုဆစ်ခပြီး သူဆုံးပါးလားချိန် ၁၉၁၇ ခုနှစ်ထိ ပြီးဆုံးခြင်းမဟိခပါချေ။



*ရိုဒင်၏ကျော်ကြားသောလက်ရာတခုဖြစ်သည့် တွေးခေါ်သူ (The Thinker) ရုပ်ထု)*

ရိုဒင်၏ပန်းပုလက်ရာများထဲတွင်ကြီးမားသော ရုပ်ထုများသာမကအငယ်စားထုဆစ်ခြင်းများလည်းပါ ဝင်ပြီးအထင်သျှားဆုံးတခုမှာ ၁၈၈၄ ခုနှစ်တွင် ထုဆစ်ခ သည့် Eternal Spring သည်တခုအပါအဝင်ဖြစ်သည်။ ရိုဒင်သည် သူ၏အနုပညာလက်ရာများကို နယူးယော့၊ တိုကျို၊ ပဲရိစ်၊ လီယွန် အစဟိသည့်ကမ္ဘာ့မြို့ကြီး၊ မြို့တော် များစွာတွင်ပြခန်းများဖွင့်လှစ်၍ပြသခလီသည်။ သူ၏ အောင်မြင်ကျော်ကြားမှုနှင့် အနုပညာပိုင်းဆိုင် ရာကြိုးပမ်းထည့်ဝင်မှုများကို ဂုဏ်ပြုသည့် အနိန်ဖြင့် ဗြိတိန်နိုင်ငံ ဂလက်စဂိုတက္ကသိုလ်မှ ၁၉၀၆ ခုနှစ်တွင် လည်းကောင်း၊ အောက်စဖို့တက္ကသိုလ်မှ ၁၉၀၇ ခုနှစ် တွင်လည်းကောင်း 'ဂုဏ်ထူးဆောင်ပါမောက္ခ' ဆုများ ကိုအသီးသီးချီးမြှင့်ကတ်လီသည်။ ရိုဒင်၏လက်ရာများ ကို စုစုစည်းစည်း၊ အထင်ကရမြင်တွိနိူင်သည့် နိန်ရာ များမှာ ပြင်သစ်နိုင်ငံ၊ပဲရိစ်မြို့၊ ဘိုင်ရှင်ဟိုတယ်(Hotel Biron, Paris) မှ Musee Rodin အနုပညာပြခန်း၊ အမေရိ ကန်ပြည်ထောင်စု၊ ဖီလာဒယ်လ်ဖီးယား (Philadelphia)

→

မှ the Rodin Museum ပြခန်း နှင့် ဆန်ဖရန်ဆစ္စကို(San Francisco) မှ California Palace of the Legion of Honor ပြခန်းရှိဖြစ်ကတ်ပါသည်။


ကျမ်းကိုး

Grolier: Encyclopedia of Knowledge (Vol. 16)

Webster’s New Explorer: Desk Encyclopedia (2003)

http://www.auguste-rodin.com/

http://rodin-web.org/bio/default.htm

http://www.rodinmuseum.org/286-97.html

http://davidputmanlive.com/?p=476


## အရသာ

*နိုင်လို့လေ့ ငိုခဖူးရေ*
*ချိုးလို့လေ့ ငိုခဖူးရေ*
*ဘဝ ဆိုစော်*
*တိုက်ပွဲ အချိုချို*
*ပြိုင်ပွဲ အဆပ်ဆပ်*
*ရင်ခုန်ခြင်း စိတ်လှုပ်ရှားခြင်းတိကြား*
*မျက်ရည်၊ ရှက်ရည် နန့်*
*ဝမ်းသာရည်ရှိကို*
*ရောဗျလ်နှောဗျလ် စားသုံးခြင်းရာဖြစ်တေ။*

*ဝမ်းက ကျွတ်စချေ*
*သွီးနု သားနုချေ*
*အလင်းကိုမြင်လို့ ငိုစော်လာ*
*အမှောင်ကိုကြောက်လို့ ငိုစော်လာ*
*ဝမ်းဆာလို့ ငိုစော်လာ*
*ဝမ်းနာလို့ ငိုစော်လာ*
*စကား မတတ်သိခါ မျက်စိမျက်နှာ မပွင့်သိခါ*
*အမိကရောဂါ မသိရေခါ ဆိုးမဟုတ်*
*တဆီ(ဆိတ်ဆီ) မင်စာ ရာ ပစ်ခီဖိ*
*ဒေပိုင် ဖီလော်ဆိုဖီတိနန့် မွှမ်းမိရေ၊*

*အလှည့် ဆိုစော်ဟိရေ*
*တူနီကေ လူစားရေ*
*နှာတဖျားသာကေသာ မသာကေ*
*နတ်ခမ်းတဆွာ တာလားနီဖို့ အရေးကြီးရေ*
*အချိုး နန့် အနိုင်*
*ဒေတခါ ဇာအရသာ ကျဖို့လေး*
*ကိုင်း .... တချက်ချေ ကြည့်ကတ်မေ။ ။*

**ကျော့ကြာညို (ရခိုင်သမီးပျို)**

၁၇.၁၀.၂၀၁၁




**Sources:** ***(အေစာစောင်ပါသတင်းနှင့်အချက်အလက်အချို့ကို အောက်ဖေါ်ပြပါသတင်းဌါနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)***

ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders

Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/


http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/

## James Abram Garfield

## ဂျိမ်းစ် အေဘရမ် ဂါဖီးလ်ဒ်

(၂၀ ဦးမြောက်အမေရိကန်သမ္မတ)

**မွီးနိ။** ။ နိုဗမ်ဘာ ၁၉၊ ၁၈၃၁။

**ဘဝသက်တမ်း။** ။ ၁၈၃၁ – ၁၈၈၁

**မွီးရပ်။** ။ အော်ရိန်းဂျ်၊ အိုဟိုင်းအိုးပြည်နယ်။

**အမိ။** ။ အယ်လီဇာဘာလူဂါဖီးလ်ဒ်။

**အဖ။** ။ အေဘရမ်ဂါဖီးလ်ဒ်။

**မယား။** ။ လူခရီးသျှားရှုးဒေ့ါဂါဖီးလ်ဒ်။

**သားသမီးများ။** ။ အဲလီဇာ၊ ဟယ်ရီ၊ ဂျိမ်းစ်၊ မယ်ရီ(မော်လီ)၊ အာရ်ဗိန်၊ အေဘရမ်၊ အက်ဒွက်။

**ကောလိပ်/တက္ကသိုလ်။** ။ Western Reserve Eclectic Institute; Williams College

**အသက်မွီးအလုပ်အကိုင်။** ။ ဖြိုနီ၊ ကောလိပ်ပါမောက္ခ၊ ကောလိပ် ကျောင်းအုပ်ကြီး၊

**နိုင်ငံရေးလုပ်သက်။** ။ အိုဟိုင်းအိုးပြည်နယ်လွှတ်တော်အမတ်၊ အောက်လွှတ်တော်အမတ်၊ သမ္မတ။

**ပါတီ။** ။ ရီဖါဗလီကိန်။

**ဒေသခံပြည်နယ်။** ။ အိုဟိုင်းအိုး။

**သမ္မတ ရွီးကောက်ပွဲ သက်တမ်း တလျှောက် အတိုက်အခံများ။** ။ Neal Dow; James Baird Weaver, John Wolcott Phelps; Winfield Scott Hancock

**သမ္မတသက်တမ်း။** ။ Mar 4, 1881 မှ Sep 19, 1881 ထိ။ (သမ္မတတာဝန် ထမ်းဆောင်နိန်စဉ် Charles J. Guiteau မှ ၁၈၈၁ ခု နှစ်၊ ဂျူလိုင် ၂ ရက်နိတွင်ပစ်သတ်သဖြင့် ယင်းဒဏ်ရာနှင့် ဆုံးပါးသည်။)

**ဒုတိယသမ္မတ။** ။ ချက်စတာ အလန်အာသာ (Chester Alan Arthur)

*စာမျက်နှာ (၁၂) နေရူး မှ*



*(အိန္ဒိယ၏ လွတ်လပ်ရေးနှင့် နိုင်ငံ့ပိသုကာများဖြစ်ကတ်သည့် ဂျာဝါဟာလာနေရူး နှင့် မဟတ္တမဂန္ဒီ)*

ဟိုရိုးဆန်၍ ကျဉ်းမြောင်းသော အမျိုးသားရေးအခြိခံဝါဒီဖြစ်သူ ဂန္ဒီနှင့် နိုင်ငံတကာအမြင်ဟိသော နေရူးရို့ကြားတွင် မတူကွဲပြားသည့် နိုင်ငံရေးဆိုင်ရာ အယူအဆကွဲလွဲမှုများ၊ များစွာဟိနိန်ခ သည့်တိုင် ၁၉၁၆ ခုနှစ်၊ အိန္ဒိယအမျိုးသား ကွင်ဂရက်တွင် စတင်တွိဆုံချိန်မှစ၍ သူရို့နှစ်ဦးသည် တဦးအပေါ်တဦးနားလည်မှုဟိဟိ၊ တွဲဖက်ညီသည့် အန္ဒိယဂေါင်းဆောင်များ ဖြစ်လာလတ်ကတ်ပါသည်။ ၁၉၁၉ခုနှစ်ကဖြစ်ပွါးသည့် အမ္မရိစတာ (Amristar) သတ်ဖြတ်မှုကိစ္စ အပြီးတွင် ဂန္ဒီကဲသို့ပင် နေရူးသည်လည်း အန္ဒိယ၏ ကွင်ဂရက်ပါတီနှင့် ထင်သျှားသည့် အမျိုးသားဂေါင်းဆောင်တဦး ဖြစ်လာခပါသည်။ ၁၉၂၉ ခုနှစ်တွင် ပါတီဥက္ကဌအဖြစ် ရွီးကောက်တင်မြှောက်ခြင်းခံရသည်။ သူ၏ အာဏာဖီဆန်မှု နှင့် နိုင်ငံရေးဆိုင်ရာ အခြားတက်ကြွလှုပ်သျှားမှုများကြောင့် ဗြိတိသျှအစိုးရသည် နေရူး အား ထောင်အကြိမ်ကြိမ်ချထားခလီသည်။

ဒုတိယကမ္ဘာစစ်အပြီး၊ နိုင်ငံလွတ်လပ်ရေးအတွက် အပီးအယူပြုလုပ်မှုတွင်နေရူးပါဝင်ပါက်သက်ပြီး၊ ဟိန္ဒူလူများစုအိန္ဒိယနှင့် မူဆလိန်လူများစု ပါကိစ္စတန်ဟူ၍နှစ်နိုင်ငံခွဲကာ သီးခြားစီလွတ်လပ်ရေးရယူ ခကတ်သည်။ ယင်းသို့ဖြင့် ၁၉၄၇ခုနှစ်၊ ဩဂုတ်စ်လ (၁၄) ရက်နိတွင် အိန္ဒိယနိုင်ငံလွတ်လပ်ရေး ရဟိရာနေရူးသည်နိုင်ငံ၏ ပထမဦးဆုံးသော ဝန်ကြီးချုပ်ဖြစ်လာခပါသည်။

ပါကိစ္စတန်နိုင်ငံတွင်းဟိ ဟိန္ဒူဒုက္ခသည်များကိစ္စ၊ နှစ်နိုင်ငံနယ်စပ်အရေးကိစ္စများကိုအခြိခံပြီး ၁၉၄၈ ခုနှစ်တွင် ပါကိစ္စတန် နိုင်ငံနှင့်လည်းကောင်း၊ ၁၉၆၂ခုနှစ်တွင် တရုတ်နိုင်ငံနှင့်လည်းကောင်း စစ်မက်ဖြစ်ပွါးမှုများ ဟိနိန်ခ ကတ်ပေသည်။

ဂျာဝါဟာလာနေရူးသည် အိန္ဒိယဝန်ကြီးချုပ်အဖြစ် (၁၇) နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၆၄ ခုနှစ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်လားပါလီသည်။


**ကျမ်းကိုး**

Grolier: Encyclopedia of Knowledge (Vol. 13)

Webster's New Explorer: Desk Encyclopedia (2003)


◆ ◆ ◆ ◆

# ဒေါက်တာဆွန်ယက်ဆန်

## (Dr. Sun Yat-Sen)



Sun Yatsen in Suit in 1925

မန်ချူးရို့ကြီးစိုးသည့် ကွိန် (Qing) မင်းဆက် ၁၉၁၁ ခုနှစ်တွင် ပြုတ်ကျပြီးနောက် တရုတ်ပြည်၏တော်လှန်ရေးဂေါင်းဆောင်နှင့်ခေတ်သစ်တရုတ်သမ္မတနိုင်ငံ၏ ပထမဦးဆုံးသမ္မတဖြစ်ခသူဆွန်ယက်ဆန်ကို ၁၈၆၆ ခုနှစ်၊ နိုဗမ်ဘာလ ၁၂ ရက်နိတွင်ဖွါးမြင်ခသည်။

ဆွန်ယက်ဆန်သည်ဟာဝိုင်အီ မှ ခရိယံစာသင်ကျောင်းများတွင် (၃) နှစ် ခန့်ပညာသင်ကြားပြီးနောက် ဂွန်ဇူး(Guangzhou)၊ ကန်တုန် (Canton) နှင့် ဟောင်ကောင် (Hong Kong) တွင်ဆီးပညာကိုလေ့လာကာ ၁၈၉၂ ခုနှစ်တွင်ဆရာဝန်ဘွဲ့ရသည်။ ထိုနောက်သူသည် တရုတ်တော်လှန်ရေး၏ တက်ကြွလှုပ်သျှားသူတဦးဖြစ်လာပြီးနောက် ၁၈၉၅ ခုနှစ်တွင် နိုင်ငံ

→

ပြင်ပသို့ ထွက်ပြီး တိမ်းသျှောင်ရသည်။ အမေရိကန်ပြည်ထောင်စု၊ အိန်္ဂလန် နှင့် ဂျပန်နိုင်ငံများသို့ ရောက်ဟိသည်။

ဆွန်ယက်ဆန်သည်၁၉၀၅ခုနှစ်တွင် “ထင်မန်ဂိုင်” (Tongmengui)ဟုအမည်ရသည့် “သင်္ဂဟအသိုင်းအဝိုင်း” (Alliance Society) ကို ဂျပန်ပြည်တွင် ဖွဲ့စည်းတည်ထောင်သည်။ ထိုအဖွဲ့အစည်းမှတဆင့် ၁၉၀၇ ခုနှစ်တွင်သူ၏ နိုင်ငံရေး၊ တော်လှန်ရေးဆိုင်ရာ ကြော်ငြာစာတမ်းကိုထုတ်ပြန်ကြော်ငြာသည်။

အဆိုပါကြော်ငြာစာတမ်း၌ အဓိကဖေါ်ပြချက်(၃)ချက်ပါဝင်သည်။ ယင်းရို့မှာ–

- ♦ အမျိုးသားရေး (Nationalism)
- ♦ ဒီမိုခရေစီရေး (Democracy) နှင့်
- ♦ ပြည်သူ့အသက်မွီးဝမ်းကျောင်းဘဝ(ပြည့်စုံ)ရေး (People's Livelihood) ရို့ ဖြစ်ကတ်ပါသည်။

ထိုနောက်ဆွန်ယက်ဆန်သည်သူ၏ တော်လှန်ရေးအယူအဆနှင့်သီအိုရီများကိုပြည်သူအများသိဟိနားလည်လာအောင်ပြုလုပ်ပြီးပြည်ပရောက်တရုတ်အမျိုးသားများထံမှ ရံပုံငွီများကောက်ခံစုဆောင်းသည်။ ၁၉၁၁ခုနှစ်၊တော်လှန်ရေးအဆုံးသတ်ပြီးနောက် ဆွန်ယက်ဆန်အားခေတ်သစ်တရုတ်ပြည်၏သမ္မတအဖြစ် အမည်တင်သွင်း၊တင်မြှောက်ကတ်လီသည်။

ဘုရင့်အိန်ပါယာစံနစ်အားလုံးဝဖျက်သိမ်းပိုက်ကာစံနစ်သစ်နှင့်ချီတက်နိန်သည့်ခေတ်သစ်တရုတ်ပြည်၏ လိုအပ်ချက်အရ ယွန်သျှီကိုင် (Yuan Shikai) ကိုသမ္မတသစ်အဖြစ် တင်မြှောက်ရန်အကြောင်းဖန်လာသောအခါ ဆွန်ယက်ဆန်သည်သမ္မတရာထူးမှနုတ်ထွက်ပီးလိုက်လီသည်။ သို့ရာတွင်ယွန်သျှီကိုင်၏ အိန်ပါယာအသျှင်သခင်လုပ်လိုမှုနှင့်အာဏာသျှင်ဆန်ဆန် မင်းမူကြီးစိုးလိုသည့် မူဝါဒဆိုင်ရာများပိုမိုပီပြင်လာသောအခါဆွန်ယက်ဆန်နှင့် သူ၏လုပ်ဖေါ်ကိုင်ဖက် ဆွင်ဂျောက်ရန် (Song Jiaoren) ရို့သည် “တရုတ်ပြည်သူ့အမျိုးသားပါတီ” ဖြစ်သည့် ကောက်မိန်တန် (Kuomintang) ကိုဖွဲ့စည်းတည်ထောင်ကာယွန်သျှီကိုင်အားအတိုက်အခံပြုကတ်လီသည်။

ဒေါက်တာဆွန်ယက်ဆန်သည်သူ၏နောက်ပိုင်းနှစ်များကိုဝါရင့်၊သဘာရင့်နိုင်ငံရေးသမားကြီးတဦးအဖြစ် ရပ်တည်လျှက် ၁၉၂၅ ခု၊ မတ်လ ၁၂ ရက်နိဓတွင် ကွယ်လွန် အနိစ္စရောက်လားပါလီသည်။



*(၁၉၂၄ ခုနှစ်တွင်တည်ထောင်ခဲ့သည့် ဆွန်ယက်ဆန်တက္ကသိုလ်)*

သူမကွယ်လွန်မီ ၁၉၂၄ခုနှစ်တွင် ဒေါက်တာဆွန်ယက်ဆန်သည် တရုတ်ပြည် ဂွမ်ဇူး အရပ်၌ ဆွန်ယက်ဆန်တက္ကသိုလ် (Sun Yat-Sen University) ကိုတည်ထောင်ခဲ၏။ ဆွန်ယက်ဆန်ကွယ်လွန်ပြီးနောက် သူစတင်ခဲ့သည့် သမ္မတနိုင်ငံတော်လှန်ရေးကို ချန်ကိုင်ရှိတ် မှဆက်ခံသည်။


**ကျမ်းကိုး**

Grolier: Encyclopedia of Knowledge (Vol. 18)

Countries of the World (2004 – Vol. 1)

http://bridging-the-gap.eu/en/Project/Partners/Sun-Yat-Sen-University/


◆ ◆ ◆ ◆

**သုတ နန့် ရသ ကိုလည်းကောင်း**
**သတ္တိ နန့် ခွန်အား ကို**
**လည်းကောင်း**
**မစ္စရတာ နန့် ပညာ ကို**
**လည်းကောင်း ပီးစွမ်းနိုင်သော**
**စာများဖြင့် လူ့အဖွဲ့အစည်းကို**
**အလှဆင် တင့်တယ်စီအံ့၊ ၊**

*စာမျက်နှာ ၈ သို့ →*

## *စာစဥ်မှာယူလိုလျှင်*

အေသတင်းစဥ်ဝယ်ယူအားပီးလိုသူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဥ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိူင်ကတ်ပါသည်။ အထူးကျေးဇူးတင်ပါသည်။

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

*☎ ၅၁၅–၃၂၆–၄၆၂၂*

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃–၄၁၄–၂၈၁၃

*ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)*

*☎ ၄၁၂–၄၀၃–၇၈၂၂*

ကို ခိုင်မင်းဖံ (ဘာဖဲလို)

☎ ၇၁၆–၃၀၈–၃၅၆၆

*ကို ဆန်းလှိုင် (မီဝါကီ)*

*☎ ၄၁၄–၄၈၄–၅၇၃၈*

ဂိုးချေ (ယူတား)

☎ ၈၀၁–၅၁၂–၁၀၃၆

*ကို ကျော်သိန်း (မီဇူရီ)*

*ဖုန်း ၈၁၆–၂၉၄–၈၄၅၁*

ကို စောသိန်းမောင် (ချီကာဂို

☎ ၆၃၀–၇၄၉–၈၀၈၃






ယေကေလည်းတခုပိုင်လည်း မတတ်နိုင်ပါလေ။ လိပ်က ပြပြုံးချေနန့်ပန်းဝင်နိန်ပြီးဗျာယ်မဟုတ်ပါလား။ ယုန်ရေ မခံချင်ခြင်း၊ ဝေခွဲမရခြင်း၊ သံသယဖြစ်ခြင်းမျာစွာနန့်အတူ ပြိုင်ပွဲထဲကထွက်လားဖို့ကျပါရေလုတ်။ ။

(မှတ်ချက်။ ။ သနားစရာယုန်ချေမသိလိုက်တေလျှို့ဝှက်ချက်တခုက – သူနန့်အပြီးပြိုင်ရေလိပ်မှာ ယင်းလိပ်နန့် တခုပိုင်လည်းခွဲမရအောင် တူရေအမွှာမွီးလိပ်တကောင်ဟိပြီးကေ ယင်းအမွှာမွီးညီ–လိပ်ဘားသို့ ယုန်နန့်ပြိုင်ဖို့ဖြစ်တေအပြီးပြိုင်ပွဲ၏အသေးစိပ်လမ်းကြောင်း၊ ပန်းဝင်ဖို့နိန်ရာ၊ ပန်းဝင်နိုင်ရေအကြမ်းဖျင်းအချိန်အစဟိသည့်ရှိ့ကိုပြောထားပြီးကေ ယုတ္တိယုတ္တာဟိဟိတမဏ်းချေတိလူးဗျာယ်ပန်းဝင်ဖို့နိန်ရာမှာလားနိန်ဖို့အိုင်ဖုန်း (i-Phone) နန့်အသေးစိပ်မက်ဆေ့ချ်ပို့ထားစွာကိုပါ။)

◆ ◆ ◆ ◆

## (၂) စပျစ်နွယ်တိ ချိုရေဗင်



၂၁ ရာစု၏တခုသောနိတနိမှာ မြီခွီးတကောင်ရေ အစာဖြာထွက်ပါလတ်ယက်ပင်း ကကောင်းလှရေစပျစ်သီးခိုင်တခိုင် အရည်ရွှမ်းနန့်အပင်ထက်မှာတွဲကျနိန်စွာကို တွိလိုက်ရပါရေလုတ်။ အရောင်ကလည်းလှ၊ လျှာရည်ကလည်းကျဗျာယ် မြီခွီးရေ ယင်းစပျစ်သီးခိုင်ကို ခုန်ခုန်ဗျာယ်လှမ်းပါရေလုတ်။ စပျစ်သီးခိုင်က တစ်ချေလောက်မြင့်နိန်ခါ မြီခွီးရေ တခေါက်ပြီးနာတခေါက် အကြိမ်ကြိမ်ခုန်လှမ်းကေလည်း တခုပိုင်လည်း မမှီနိုင် ဖြစ်နိန်ပါရေလုတ်။

ယေခါမြီခွီးရေ ဝမ်းကလည်း ဆာ၊ ဒေါသကလည်းထွက်၊ ရှက်ကလည်းရှက်တေခံစားမှုတိကို ရောထွီးခံစားဗျာယ် ကကောင်း မခံချိမခံသာဖြစ်နိန်ပါရေလုတ်။ ယေကေလည်း အေဂုမြီခွီးက ၂၁ ရာစုမြီခွီးရာမနား။ ယင်းလောက်နန့်တော့ကေလက်လျှော့ထွက်လားပနာ ကိုယ်မစားရချင်းအတူတူ သူများတိကိုလည်းမစားရစီအောင်လို့ဆိုပနာ '*စပျစ်သီးတိချဉ်ရေဗင်*' လို့ ဘီစီ ၆ ရာစုအီစုတ်ပုံပြင်ထဲကမြီခွီးအကျင့်မျိုး ဇာကျင့်ကြံဖို့လဲ။

ခေတ်သစ်မြီခွီးက ယင်းအဌာတိကို အားလုံးကျွမ်းပြီးသား။ ဒေအေကောင်က ပပေါ့(ပေါ့ပေါ့)မဟုတ်။ လေ့လာရေ။ စူးစမ်းသုတေသနပြု ရေ။ ယင်းစပျစ်သီးဟိနိန်ရေအပင်ကိုလှည့်ပနာ၊ ပတ်ပနာ သေသေချာချာ လေ့လာရေ။ ထော—တွီဗျာယ်လမ်းစ တစ။

စပျစ်သီးခိုင်ဟိနိန်စွာရေ အမှန်မှာ ယင်းအပင်ကြီးက မဟုတ်။ ယင်းအပင်ကြီးမှာတွယ်ပနာပေါက်နိန်ရေ စပျစ်နွယ်ပင်ကသီးနိန်စွာဖြစ်ကြောင်းမြီခွီးတွီလိုက်ရရေ။ ဆိုကေ – ကမ္ဘာ့မြီဆွဲအား။ ဂရက်ဗီထီအကြောင်းကို ၂၁ ရာစုမြီခွီးက အလုပလနားလည်းထားရေအကောင်။ သစ်ပင်ကြီးခြီရင်းနားကစပျစ်နွယ်ကိုရာဖြတ်ပလိုက်ဖို့ဆိုကေယင်းစပျစ်သီးတိရေ ဂရက်ဗီထီ (Gravity) ကြောင့်ကြွီကျလာဖို့စွာရာမနား။ နယူတန် (Newton) က ပန်းသီးကြွီကျလာစွာကိုမြင်လို့ ဂရက်ဗီထီ ကို ဖေါ်ထုတ်နိုင်ခ ရေ။ ယေကေ ဒေမြီခွီးကလည်း ဂရက်ဗီထီ ကို အသုံးချဗျာယ် စပျစ်သီးကြွီအောင်လုပ်လားဖို့ဆိုရေ အကောင်မျိုး။

ကောင်းဗျာယ်။ ယင်းစပျစ်နွယ်ကို ဘဇောင်ဖြတ်ဖို့လဲ။ မြီခွီး က စဉ်းလည်း စဉ်းစားရေ။ ဘေးနားဝဲယာကိုလည်း လှည့်ပနာ တစုံတရာ တွိလိုတွိငြားလိုက်ကြည့်ရေ။ ထော – တွီပြန်ဗျာယ်။ ယင်းအပင်နန့်မပါး–မဝီးမှာမြက်စားနိန်ရေနွားတကောင်။ နွားတိရေ နွယ်မြက်တိကိုကြိုက်တတ်တေ။ ယင်းနွားကို စပျစ်နွယ်ပင်လာစားဖို့ မဲဆွယ်နိုင်ဖို့ဆိုကေ –– ကိစ္စက ပြတ်လားဗျာယ်။

ကောင်းဗျာယ်။ ယင်းပိုင်မျိုး–နွားကိုနွယ်ပင်ဖြတ်ခိုင်းဗျာယ် ကိုယ်ကအသီးကိုစားစွာရေ ကျင့်ဝတ်သဖေါအရ ကကောင်း ကလိမ်ကကျစ်ကျရာရောက်ဖို့လား လို့မြီခွီးကတွေးလိုက်သိရေ။ သူ့ အယူအဆအရ–မကျ။ ဇာဖြစ်လို့လဲဆိုကေ ယင်းချင့်ရေ "နိုင်–နိုင်" (Win-Win) ကိစ္စမျိုး။ နွားအနိန်နန့်အနဲဆုံး စပျစ်နွယ်ကိုစားရသိရေ။ တချို့ဆိုကေ တဖက်သားကို တခုချေလည်း မစားရစီပဲ ဒုက္ခပီးပနာတောင် တကိုယ်ကောင်းကြံလားကတ်သိစွာ။ 'ငါတကိုယ်ကောင်းကြံစွာမဟုတ်' ဆိုပြီးကေဖြေတွေးတွေးပြန်ပါရေလုတ်။

***ဒေအေကောင်က ပပေါ့(ပေါ့ပေါ့) မဟုတ်။ လေ့လာရေ။ စူးစမ်း၊ သုတေသနပြု ရေ။ ယင်း စပျစ်သီးဟိနိန်ရေ အပင်ကို လှည့်ပနာ၊ ပတ်ပ နာ သေသေချာချာ လေ့–လာရေ။ ထော—တွီဗျာယ်လမ်းစ တစ။***


မြီခွီးရေယင်းသျှောင်မျိုး သူ့ဖက်၊ ကိုယ့်ဖက် ဆိုရေအယူအဆတိ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာတိကို အတိုင်းအတာတခုထိ အနုလုံ ၊ ပဋိလုံ စဉ်းစား ပြီးသကာလ နွှားနံ့ဘားသို့ချဉ်းကပ်လားပါရေလှတ်။ မြီခွီးကပြုံးပြုံးချေနန့် ပြောလိုက်တေ – "အဆွိ နွှား –– ယင်းမြက်တိဂျေး စားမနိန်ကေ့— ဒေဖက်မှာ ကကောင်းချိုရေစပျစ်နွှယ်ပင်ဟိရေကား။ လာ—အကျွန်ပြပီး မေ" ။ နွှားလည်း –– "အို–ဟုတ်လာ–အေးငါလည်းနွှယ်ပင်ချေတိမစားရ စွှာကြာဗျာယ် – ဇာမှာလေ" ဆိုပြီးနာ မြီခွီးနောက်ကလိုက်လာပါရေ လှတ်။ မြီခွီးလည်းသစ်ပင်ကြီး၏ပင်စည်မှာ ကပ်မျှောင်ပေါက်နိန်ရေ စပျစ်နွှယ်ပင်ကို လက်ညှိုးထိုးဗျာယ် – "ထေ‌ာအဆွိ – ထော –ယမှာ မလားယေ –– စပျစ်နွှယ်ပင် – ချိုက ချိုနန့်" ဆိုပြီးကေ ပြောလိုက်ပါရေ လှတ်။ ဆိုကေ နွှားလည်း ဟို ဟို ဒေ ဒေ ကြည့်မနိန်ပဲ အရွှက်စိမ်းချေ တိနန့်အတူစပျစ်နွှယ်ပင်ကိုဖြတ်ဗျာယ်ကိုက်စားလိုက်ပါရေလှတ်။

နွှား စပျစ်နွှယ်ပင်ကိုစားဖို့ပျင်ကေပျင်ချင်း –– မြီခွီးရေ စပျစ်သီး ခိုင်ဟိရေနိန်ရာအောက်မှာ အဆင်သင့်လာစောင့်နိန်လိုက်စွှာရာမနား။ နွှား စပျစ်နွှယ်ပင် တလုပ်၊ နှစ်လုပ်စားပြီးစွှာနန့် အောက်ခြီ အတွှယ်တိ ပြုတ်လားရေစပျစ်နွှယ်ရေ စပျစ်သီးခိုင်၏အလီးကိုထိမ်းမနိုင်ပဲ စပျစ်သီးပါ၊ နွှယ်ပင်ပါ အောက်သို့ပြုတ်ကျပါလတ်ပါရေလှတ်။

ယေခါ မြီခွီးလည်း အရည်ရွှမ်းနန့်စပျစ်သီးခိုင်ကို ဖြုတ်ယူ လိုက်ပြီးကေ လက်ကျန်နွှယ်ပင်ကိုနွှားကိုလှမ်းပီးပနာ ထွက်ပြီးလားပါရေ လှတ်။ ပါးစပ်ကလည်း *"စပျစ်နွှယ်ပင်တိကကောင်းချိုပါရေမနား အဆွိနွှား"* လို့ ပြောလားပါရေလှတ်။

◆ ◆ ◆ ◆

## (၃) လယ်သမားနန့် ရွှိဥ အုသောဘဲငန်း



၂၁ ရာစု၏လယ်သမားကြီးတယောက်မှာ ဘဲငန်းမတကောင် ဟိပါရေလှတ်။ ယင်းဘဲငန်းမရေ နိစဉ် တရက်မှာ ရွှိဥ တလုံးစီ အုပါရေ လှတ်။ ယေခါယင်းလယ်သမားကြီးလည်းတဆတ်ဆတ်နန့် ကကောင်း ချမ်းသာပါလတ်ပါရေလှတ်။

သူ့အနိန်နန့်ကုမ္ပဏီဖွင့်ဗျာယ် ရင်းဖို့လည်းမလို။ အလုပ်သမား တိ၊ မန်နေဂျာတိ၊ သက်သာချောင်ချိရေးတိ၊ စက်ပစ္စည်းတိ၊ ကုန်ကြမ်းဟြာ ဖို့၊ ကုန်ချောဖြန့်ဖို့၊ ဈီးကွက်ဟြာဖို့၊ မိန်းထိန်းနန့်စ်လုပ်ဖို့ဆိုရေ များမြောင် လှရေကုမ္ပဏီကိစ္စတိနန့်အလုပ်သျှုပ်ဖို့မလိုဗျာယ်။ တယ်လီဖုန်းတဂွမ်ဂွမ်၊ ကွန်ပျူတာတဂျောက်ဂျောက်၊ သတင်းစာ၊ အိန်တာနက်တိ၊ အီကို သတင်းတိကိုမပြတ်တမ်းကြည့်ပနာ စတော့ကဇါပ်နိန်ဖို့လည်းမ လို။ ယုတ်စွှအဆုံး ထီတောင်ထိုးဖို့မလို။ အစွှာလောက်အဆင်ပြေရောင် နှင်း။ နိန်ယင်း ထိုင်ယက်ပင်း တရက်မှာရွှိဥတလုံးစီ ရ ရ နိန်စွှာ။

ယင်းသျှောင်မျိုးနိန်ထိုင်ပါလတ်ယက်ပင်း လယ်သမားရေ ရီရှည် ကိုစဉ်းစားရေ။ ဘဲငန်းမလည်းအိုပါလတ်ယာ။ သက်ဟိရို့သဘာဝ မကြာ ခင်တရက်ရက်မှာ သူဆုံးပါးလားဖို့။ ယေကေ ဘဇောင်ခရီးဆက်ကတ်ဖို့ လဲ။ သူ့ကိစ္စက စီးပွါးရေးလုပ်ငန်းရပ်တခုမဟုတ်သည့်တိုင် 'ရွှိဥ'ဆိုရေ ထုတ်ကုန်တော့ကေဟိဖို့လိုအပ်သိရေ။ ယင်း 'ရွှိဥ' ဆိုရေထုတ်ကုန်ဟိနိန် ဖို့အတွှက် 'ဘဲငန်းမ'၏ ကျန်းမာ၊ အသက်ရှည်ရေးက အရေးကြီးရေ မနား။ ဟိုအယင်ခေတ်နှောင်းပုံပြင်ထဲက လယ်သမားကြီးပိုင်ဗျာယ် – လောဗ မဟိလားဆိုကေ ဟိရေပ။ သူ့မှာ သားသမီး ငါးယောက်ဟိရေ။ မြီးတိ၊မြစ်တိ အများကြီးဟိလာဖို့သိ။ ဖြစ်နိူင်ကေမြီးတိ၊မြစ်တိကိုရွှိဥအလုံး ၁၀၀လောက်စီအမွှိပီးပစ်ခချင်ယင့်။ အလှူအတန်းတိလည်း အများကြီး လုပ်ချင်သိရေ။ လက်ဟိအနိန်အထားအရ ယင်းချင့်ရေဖြစ်နိူင်ဖို့ လမ်းမမြင်။ ဘဲငန်းကမကြာခင်သီဖို့ယာ။

ယေကေလည်း သူက ၂၁ ရာစုခေတ်က လယ်သမားရာမနား။ ဟိုးအယင်ခေတ် ပုံပြင်ထဲကလယ်သမားပိုင်မိုက်မိုက်မဲမဲ ဘဲငန်းကိုသတ် ပနာဝမ်းကိုခွဲခီဖို့လားယေ။ ဆိုရေခါ ခေတ်သစ်လယ်သမားရေ အနာဂါတ် ရွှိဥထုတ်လုပ်ရေးကိစ္စကို စဉ်းစားရေ။ ဘဲငန်း၏ရွှိဥအုပုံ၊ အုနည်းကို စုးစမ်း ရေ။ တရက်။ နှစ်ရက်။ သုံးရက်။ လေးရက်။ ထော—တွှိဗျာယ် လမ်းစ။ ဘဲငန်းမဝမ်းကထွက်ကျလာပြီးပြီးချင်းမှာရွှိဥရေ ပူပူနွှီးနွှီးနန့်အဂေါ်လည်း ဂေါ်ဘဲဥတလုံးပိုင်သျှောင်မျိုးအဖြစ်နန့် မိနိ(၃၀)လောက် ဟိနိန်သိပြီး ကေယင်းနောက်ပိုင်းမှာမှရာ လုံးဝအီးခဲပနာ ရွှိဥ အဖြစ်ကိုပြောင်းလဲလား ရေဆိုရေသဘာဝချေကိုလားလို့တွှိရေ။ ယေမလားယေ––အလုပ်။ ဆိုရေ ခါ ခေတ်သစ်လယ်သမားကြီးရေခေတ်မီသားဖေါက်နည်းပုံစံတိ၊ ငုံးဥ၊ ကြက်ဥ၊ ဘဲဥ သားဖေါက်ပုံဖေါက်နည်းတိကို စနစ်တကျလေ့လာပါရေ လှတ်။ ယေပြီးကေ ဘဲငန်းမအုပြီးခါစ အဥ တလုံး၊ နှစ်လုံး လောက်ကို ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ဆုံးဖြတ်လိုက်တေ။ ဓါတ်ခွဲ၊ သားဖေါက်ခန်း တခုကို လည်း အပူ၊ အအီး၊ ခယ်လ်ဆီယမ် အစဟိရေပြင်ဆင်မှုတိအားလုံးကို စနစ်တကျပြုလုပ်ပြီးသကာလ—ဘဲငန်းဥသားဖေါက်ခြင်းလုပ်ငန်းကို လုပ် ပါရေလှတ်။

ဘဲငန်းကို မသတ်ပဲဘဲငန်းမကိုအမှီပြုဗျာယ်ထုတ်ကုန် ပေါများ လာရေး ရည်ရွှယ်ချက်နန့်လုပ်တေ ယင်းလုပ်ငန်းစဉ်ရေအဆင်ပြေလားပြီး ကေနောက်ပိုင်းမှာရွှိဥတိအုပီးရေဘဲငန်းခြံကြီးကိုတောင်ပိုင်ဆိုင်ပနာသား၊ သမီး၊မြီး၊မြစ်တိနန့်အတူ ပပျော်ပပါး နိန်ထိုင်လားပါရေလှတ်။

◆ ◆ ◆ ◆

*စာမျက်နှာ ၁၈ သို့* →

# နိုဝင်ဘာလ ထင်ရှားသူအချို့

## လူချွန် လူမွန် များ၏ ဘဝတာ များ အကြောင်း တစ်စောင်း

“အဆိုးမြင်ဝါဒီသမားရေ အခွင့်အရေးတိအားလုံးကို အခက်အခဲတိလို့မြင်ပြီးကေ အကောင်းမြင်ဝါဒီသမားရေ အခက်အခဲတိအားလုံးကို အခွင့်အရေးတိလို့ မြင်တတ်တေ”

*(ဝိန်စတန်ချာချီ)*

## ဝိန်စတန်လီယိုနာ့ဒ်စပိန်ဆာချာချီ

(Sir Winston Leonard Spencer Churchill)



ဝိန်စတန်ချာချီ ကို ဖခင် လော့ဒ်ရန်းဒေါလ်ချာချီ (Lord Randolph Churchill) နှင့်အမေရိကန်မိခင်ဖြစ်သူရို့မှ ၁၇၈၄ ခုနှစ်၊နိုဗမ်ဘာလ ၃၀ ရက်နိတွင် ယူနိုက်တက် ကိန်းဒမ်းနိုင်ငံ၊ ဝူးဒ်စတော့ခ် (Woodstock) ၌ ဖွါးမြင်ခသည်။ ချာချီသည်ဟာရိုး(Harrow)နှင့်ဆန်းဒ်ဟာ့ဒ်(Sandhurst) ကျောင်းများတွင် ပညာဆည်းပူးပြီးနောက် ဗြိတိန်စစ်ဖက်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်သည်။ ထိုနောက်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်တွင် ခင်ဆားဗေးထိဗ်(Conservative) ပါတီ၏ လွှတ်တော်အမတ်တဦးဖြစ်လာသည်။ ထိုနောက် ၁၉၀၀နှင့်၁၉၃၀ခုနှစ်ကြား ဆယ်စုနှစ်များတွင် သူသည် လီဘရယ်နှင့် ခင်ဆားဗေးထိခ်အစိုးရများ၏ အဆင့်မြင့်တာဝန်များစွာကို ထမ်းဆောင်ခလီသည်။ ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်းတွင်ချာချီသည် ဗြိတိန်ရိတပ်၏အကြီးအမှူးတာဝန်ကို ထမ်းဆောင်ပြီး ၁၉၄၀ခုနှစ်၊ မေလတွင် ယူနိုက်တက်ကိန်းဒမ်း၏ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်လာခလီသည်။ သူသည်အဆိုပါတာဝန်များကို ၁၉၄၅ခုနှစ်ထိထမ်းဆောင်ခသည်။ ၁၉၅၁ခုနှစ်တွင် ဝန်ကြီးချုပ်တာဝန်ကို ဒုတိယအကြိမ်မြောက်အဖြစ် ပြန်လည်ထမ်းဆောင်ပြီး ၁၉၅၅ခုနှစ်တွင် တာဝန်မှအနားယူသည်။

သို့သော်သူသည် ဗြိတိန်ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင်တဦးအဖြစ် ၁၉၆၄ခုနှစ်အထိ ဆက်လက်တာဝန်ထမ်းဆောင်နိန်ခ ရာ ချာချီ၏သူရဲကောင်းဆန်သော စွန့်လွှတ်၊စွန့်စားမှုများ၊ မိမိကိုယ်မိမိသံဓိဋ္ဌါန်ချရင်းနှီးမြှုပ်နှံကာ နိုင်ငံတော်နှင့်လူသားလွတ်မြောက်မှုများအတွက် ထည့်ဝင်မှုများကို ဂုဏ်ပြုသည့်အနိန်ဖြင့် အဲလိဇဘက်ဘုရင်မ(၂) မှ ဂုဏ်ထူးဆောင်ဘွဲ့များကိုအပ်နှင်းပြီး မြောက်များစွာသော အခြားဂုဏ်ပြုဆုများစွာကိုလည်း ဝိန်စတန်ချာချီ လက်ခံရဟိခလီသည်။ ယင်းရို့အထဲ၌ ၁၉၆၃ခုနှစ်တွင် သမ္မတ ခယ်နေဒီ၏ ကမကထပြုမှုဖြင့်ချာချီအားပီးအပ်ခသည့် *ဂုဏ်ထူးဆောင်အမေရိကန်နိုင်ငံသား* အဖြစ်ချီးမြှင့်မှုသည်လည်း တခု အပါအဝင်ဖြစ်ပါသည်။

နိုင်ငံရေးတာဝန်၊ စစ်ရေးတာဝန်များအပြင် ဝိန်စတန်ချာချီသည် စာရှီးခြင်းကိုလည်းဝါသနာထုံစွာ ဆောင်ရွက်ခသူလည်းဖြစ်ပါသည်။ သူ၏ပထမဦးဆုံးသောစာပီ ရှီးသားမှုကို The Story of Malakand Field Force (၁၈၉၈) ဖြင့်စတင်ခသည်။ ယင်းနောက်တွင် ဆူဒန်ခမ်ပိန်း နှင့် အိုဒေါ်မန်(ဘိုးဝါး)တိုက်ပွဲများအကြောင်းကို အခြီပြုရှီးသားထားသည့် The River War (၁၈၉၉)၊ ၁၉၀၀ ပြည့်နှစ်တွင် ရှီးသားခသည့်၊ သူ၏ တပုဒ်တည်းသော ဝထုဖြစ်သည့် Sav-rola နှင့် သူ့ဖခင်၏ဘဝအတ္ထုပ္ပတ္တိအကြောင်းကို ရှီးသားထားသည့် Lord Randolph Churchill စာအုပ်များကိုလည်း ထုတ်ဝီခသည်။ သူ၏အခြားအောင်မြင်ကျော်ကြားသည့် ဘဝအတ္ထုပ္ပတ္တိအရှီးအသားတခုမှာ the Duke of Marlbor-ough ဖြစ်ပြီး အတွဲ(၄)တွဲခွဲလျှက် ၁၉၃၃ နှင့် ၁၉၃၈ ခုနှစ်များ အတွင်းတွင်ထုတ်ဝီခသည်။

ဝိန်စတန်ချာချီသည် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်နှစ်ခုလုံးတွင် အတိုင်းအတာတခုထိ အဓိကကျသည့် အစိတ်အပိုင်းတရပ်အဖြစ်ပါဝင်၊ ရပ်တည်ဖူးသူဖြစ်ရာ ပထမကမ္ဘာစစ်အကြောင်းကို ၁၉၂၃ နှင့် ၁၉၂၉ ခုနှစ်များ အတွင်းတွင်အတွဲ(၄)တွဲခွဲ၍ရှီးသားထုတ်ဝီခသည့် The World Crisis စာအုပ်ကိုလည်းကောင်း၊ ဒုတိယကမ္ဘာစစ်အကြောင်းကိုရှီးသားထားသည့် the Second World War စာအုပ်ကိုအတွဲ(၆)တွဲခွဲလျှက် ၁၉၄၈ နှင့် ၁၉၅၃–၅၄ ခုနှစ်များကြားတွင်လည်းကောင်း ထုတ်ဝီခလီသည်။

→

သူသည် ဝန်ကြီးချုပ်တာဝန်မှ အနားယူပြီးနောက် ပိုင်း ၁၉၅၆ နှင့် ၁၉၅၈ ခုနှစ်များအတွင်းတွင် a History of the English-speaking Peoples စာအုပ်ကိုလည်းအတွဲ (၄) တွဲခွဲလျှက် ရှီးသား ထုတ်ဝေခဲ့လီသည်။

ချာချီသည် အာဝဇ္ဇန်းရှင်၍ စကားပြောကောင်းသူတဦးလည်း ဖြစ်ရာ ကျော်ကြား၊ထင်ရှားသည့်ဒါဇိန်ပေါင်းများစွာသော မိန့်ခွန်းများ ကိုလည်းပီးခသူဖြစ်ပါသည်။ ယင်းရို့အနက်အထင်ရှားဆုံးမှာ The Unrelenting Struggle (၁၉၄၂)၊ The Dawn of Liberation (၁၉၄၅) နှင့် Victory (၁၉၄၆) ရို့ အပါအဝင် ဖြစ်ပါသည်။




*ဝိန်စတန် ချာချီ ရှီးသားခသည့် စာအုပ်အချို့ (တဖက်ပုံ)*

ယင်းသို့ဖြင့်ချာချီသည် ၁၉၅၃ခုနှစ်တွင် စာပီဆိုင်ရာနိုဗယ်ဆုကို ချီးမြှင့်ခြင်းခံခရပြီး "သူ၏ကောင်းမွန်လွန်းသည့်သမိုင်းနှင့် အတ္ထုပ္ပတ္တိ ဆိုင်ရာရှီးသားမှုများ၊ လူသားတန်ဖိုးကာကွယ်ရေးဆိုင်ရာ အထူး ဟော ပြောမှုများအတွက်" ရှီးချယ်ပီးအပ်ခြင်းဖြစ်ကြောင်း နိုဗယ်ဆုရှီးချယ်ရေး ကော်မသျှိန်၏ဖေါ်ပြချက်တွင်ရှီးသားထားဟိပါသည်။

ဆာဝိန်စတန်ချာချီသည် ၁၉၆၅ခုနှစ်၊ ဂျန်နဝါရီလ ၂၄ ရက်တွင် လန်ဒန်မြို့၌ ကွယ်လွန်သည်။

**ကျမ်းကိုး**

Grolier: Encyclopedia of Knowledge (Vol. 4)


Webster's New Explorer: Desk Encyclopedia (2003)

http://www.nobelprize.org/nobel_prizes/literature/laureates/1953/

◆ ◆ ◆ ◆

# ဂျာဝါဟာလာနေရူး

## (Jawaharlal Nehru)



၂၀ ရာစု အိန္ဒိယသမိုင်းတွင် အထင်ရှားဆုံး နိုင်ငံရေးနှင့် အမျိုးသားရေးခေါင်းဆောင်နှစ်ဦးမှာ မဟတ္တမဂန္ဒီနှင့် ဂျာဝါဟာလာနေရူး ရို့ပင်ဖြစ်ကတ်ပါသည်။ ဂန္ဒီ၏အမျိုးသားရေးနှင့် ဘာသာရေးဆိုင်ရာ ဦး ဆောင်ဦးရွက်ပြုမှုများနောက်ကွယ်မှ နိုင်ငံရေးရာများကို လုပ်ကိုင်ဆောင် ရွက်ယက်ပင်း လွတ်လပ်သောအိန္ဒိယ၏ ပထမဦးဆုံးသော ဝန်ကြီးချုပ် ဖြစ်ခသူ ဂျာဝါဟာလာနေရူး ကို အလာဟာဘက်(Allahabad) မြို့တွင် ၁၈၈၉ ခုနှစ်၊ နိုဗမ်ဘာလ (၁၄) ရက်နိတွင် ဖွါးမြင်ခသည်။ ဖခင်ဖြစ်သူ မိုတီ လာနေရူး(Motilal Nehru)သည် ဟြိနီတဦးဖြစ်ပြီး အိန္ဒိယ အမျိုးသား လှုပ်ရှားမှု၏ ဦးဆောင်ဦးရွက်ပြုသူများထဲတွင် တဦးအပါအဝင် ဖြစ်ခပါ သည်။

နေရူး အငယ်ချေဘဝက မိမိအိမ်၌ပင် စာပီသင်ကြားလေ့လာ မှုများပြုလုပ်ခပြီးနောက်ပိုင်းတွင် အိန်ဂလန်နိုင်ငံခိမ်းဘရိချ် (Cambridge) အရပ်ဟိဟာရိုးကျောင်း (Harrow School) နှင့် ထရိနီထီကောလိပ် (Trinity College) ရို့တွင် ပညာဆည်းပူးခသည်။ အိန်ဂလန်တွင်ပညာ ဆည်းပူးပြီး၍ အိန္ဒိယသို့ပြန်လာချိန်၌ နေရူးသည် အနောက်တိုင်းဆန်မှု များ၊ များစွာဟိနိန်ခသူတဦးဖြစ်ကြောင်းဖြင့် ဆိုပါသည်။ ၁၉၁၆ ခုနှစ်တွင် ကာမာလာကားလ် (Kamala Kaul) ဆိုသူအမျိုးသမီးနှင့်လက်ထပ်ကတ်ပြီး သူရို့ဇနီးမောင်နှံတွင်အိန္ဒိရာ (Indira) ဟူသည့်တဦးတည်းသော သမီးချေ ကိုထွန်းကားခကတ်လီသည်။ (နေရူး၏ဖေါ်ပြပါတဦးတည်းသော သမီး အိန္ဒိရာဂန္ဒီ သည် ၁၉၆၆ ခုနှစ်တွင် အိန္ဒိယ၏ဝန်ကြီးချုပ်ဖြစ်လာပါသည်။ စကားချပ်။)

*စာမျက်နှာ (၁၂) သို့*

ရက္ခိုင့်လူ့အဖွဲ့အစည်း အမြီပြုသတင်းစဥ် ဖြစ်ပါသည်။


**Editors Group:**

Oo Thein Maung

Lwon Pi

Ni Tauk Kray

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.

☎1-630-682-3616 (Home)

☎1-630-956-3382 (Cell)

theai2011@hotmail.com


တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃ လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆ လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၇၀ ဒေါ်လာ

*လာမည့် **နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဥ်** တွင် ဖေါ်ပြရန်အတွက် ထာဝရသီရိ၏ ‘ဂီရိတနှစ်ပြည့်အမှတ်တရ’ ကဗျာ နှင့် နှင်းချိုလှိုင်(မြောက်ဦး) ၏ ‘ကျည်ဆံတလှည့် လမ်းတလှည့်’ ဆောင်းပါးများကိုရွေးချယ်ထား ဟိပါသည်။ ကျေးဇူးတင်ပါသည်။*


(အယ်ဒီတာအဖွဲ့)

# ကွန်ဂိုသမ္မတနိုင်ငံ

## (Republic of the Congo)





ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ

ပြီးခဲ့သည့်နှစ်ပေါင်း၁၅၀၀ခန့်ကကွန်ဂိုမြစ်ဝှမ်းအောက်ပိုင်းသည်နိုင်ငံငယ်များစွာတည်ဟိနိန်ခသည့် ဒေသတခု ဖြစ်ပေသည်။ သို့သော်ယင်းဒေသိယနိုင်ငံငယ်များ၌အားနည်းချက်များစွာဟိနိန်ခရာ (၁၆)ရာစုတွင် ပေါ်တူဂီရို့၏သိမ်းပိုက်ခြင်းကိုခံခရသည်။ တဖန်ပေါ်တူဂီရို့ထက်အင်အားပိုမိုသာလွန်သည့်ပြင်သစ်တပ်က ကွန်ဂိုဒေသအားထပ်မံသိမ်းပိုက်ပြန်သည်။ ၁၉၆၀ခုနှစ်၊ အေပရယ်လ(၁၅)ရက်နိတွင် ပြင်သစ်ရို့လက်အောက်မှလုံးဝလွတ်လပ်ရေးရဟိသည်။ ကွန်ဂိုနိုင်ငံသည် အာဖရိကတိုက်၏ အနောက်အလယ်ပိုင်းတွင် အီကွေတာကိုဖြတ်လျှက်တည်ဟိသော နိုင်ငံဖြစ်သည်။ ၂၆ နှစ်ကြာခန့်ကြီးစိုးခသည့် မာ့စ်၊လီနိန်ဝါဒသည် ၁၉၉၀ တွင် အဆုံးသတ်ပြီးပါတီစုံဒီမိုခရေစီနည်းကျရွီးကောက်ပွဲများပြုလုပ်မှုဟိသော်လည်းမဲမသမာမှုများ၊အာဏာလက်ဟိဖြစ်နိန်သည့် ပါတီအနိန်ဖြင့်အတိုက်အခံများအားဘေးဖယ်ပစ်ခြင်းများဟိနိန်ပေသည်။

**တရားဝင်အမည်။** ။ ကွန်ဂိုသမ္မတနိုင်ငံ။

**နိုင်ငံတည်ထောင်သည့်ခုနှစ်။** ။ ၁၉၆၀

**မြို့တော်။** ။ ဘရာဇာဗီလ်

**အဓိကမြို့ကြီးများ။** ။ ပွင်တီနွိုင်၊ ပူးလ်၊ ဗွန်ဇာ၊ ကူဗက်တီ။

**လူဦးရေ။** ။ ၄.၂ သန်း (ဂျူလိုင် / ၂၀၁၁)

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁ စတုရန်းမိုင်လျှင် ၂၈ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၁၁ ယောက်)

**အကျယ်အဝန်း။** ။ ၁၃၂၀၄၆ စတုရန်းမိုင် ( ၃၄၂၀၀၀ စတုရန်းခီလိုမီတာ)

**ပြောဆိုသည့်ဘာသာစကား။** ။ ကွန်ဂို၊ တီကီ၊ လိန်ဂါလာ၊ ပြင်သစ်။

**ကိုးကွယ်သည့်ဘာသာ။** ။ မိရိုးဖလာကိုးကွယ်ယုံကြည်မှု ၅၀ ရာနှုန်း၊ ရိုမန်ခက်သလိ ၂၅ ရာနှုန်း၊ ပရိုတက်စတင့် ၂၃ ရာနှုန်း၊ မူဆလိန် ၂ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ဘာကွန်ဂို ၄၈ ရာနှုန်း၊ ဆန်ဂါ ၂၀ ရာနှုန်း၊ တီကီ ၁၇ ရာနှုန်း၊ အမ်ဘိုချီ ၁၂ ရာနှုန်း၊ အခြား ၃ ရာနှုန်း။

**အစိုးရ။** ။ သမ္မတ စံနစ်။

**ငွေကြေးယူနိ။** ။ ၁ စီအက်ဖ်အေဖရန့်လျှင် ၁၀၀ စိန်တီမေ။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၈၃ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၂၂၂၁ ခယ်လိုရီ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၂၁ ရာစုယုံတမ်းပုံပြင်များ | ၁ |
| အယ်ဒီတာ့စကား | ၂ |
| နိုဗမ်ဘာလ | ၃ |
| နိုဗမ်ဘာလ ရက်စဉ်ကမ္ဘာ့သတင်းများ | ၄–၇ |
| မြီပုံကြည့်ယက်ပင်းသတင်းဖတ်၊ သတင်းဖတ်ပနာမြီပုံကြည့် | ၁၀–၁၁ |
| နိုဗမ်ဘာဖွါး ထင်သျှားသူအချို့ | ၁၇ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကွန်ဂိုနိုင်ငံ | ၂၀ |



အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။